ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။
လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 9 January 2022 ၁၀၆၁၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ကမ္ဘောဒီးယားဝန်ကြီးချုပ်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆



ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နေပြည်တော်ရှိ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။

## ယနေ့ ဖတ်စရာ

မက်လုံးတွေက ပျက်သုဉ်းဖို့ရာ

စာမျက်နှာ » ၆

ယွမ်နှင့်ကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းလာမည့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး

စာမျက်နှာ » ၁၀



လာနီညာကြောင့် အအေးပိုမည့် ဆောင်းရာသီတွင် သောက်သုံးသင့်သည့် ရေနွေးကြမ်း

စာမျက်နှာ » ၁၉

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၀ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၂

# ဖြောင့်မတ်မှန်ကန်မှုအကြောင်းတရား ငြိမ်းချမ်းသာယာဝပြောမှုသို့ ဦးတည်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုစည်းတည်ဆောက်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားပြည်သူများလိုလားသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်အဝကျင့်သုံးပြီး ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်လျက်ရှိသည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်ကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြုံတွေ့ရသမျှအခက်အခဲများနှင့် အနှောင့်အယှက်များကို စည်းလုံးညီညွတ်သော စုပေါင်းစွမ်းအားဖြင့် ကျော်ဖြတ်ကြရမည်ဖြစ်သည်။ ရည်မှန်းချက်သည် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွားဖြစ်သည်။ အမျိုးသားအကျိုးစီးပွားကို ခိုင်မာတောင့်တင်းအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ရှေးရှု၍ စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ဖြောင့်ဖြောင့်တန်းတန်း ဆောင်ရွက်လျက်ရှိသည်။ မည်သူတရားပျက်ပျက် ကိုယ်မပျက်စေဘဲ ပြဋ္ဌာန်းထားသောဥပဒေများကို လေးစားလိုက်နာပြီး ဆောင်ရွက်လျက်ရှိသည်။ အုပ်စုစွဲ၊ ဝါဒစွဲမရှိဘဲ တိုင်းပြည်နှင့်လူမျိုးအကျိုးသာ ရှေးရှုသည်။ တိုင်းပြည်အကျိုးစီးပွားဆုတ်ယုတ်စေမည့် မည်သည့်ဖိအားပေးမှု၊ မည်သို့သွေးခွဲလာမှု၊ မည်သည့်နှောင့်ယှက်မှုများကိုမဆို လက်မခံဘဲ တွန်းလှန်ဖယ်ရှားကာ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် လျှောက်လှမ်းလျက်ရှိသည်။

သွေးခွဲမှု၊ သွေးကွဲမှုသည် မိသားစု၊ အသိုက်အဝန်းတစ်ခုသာမက နိုင်ငံတစ်ခုလုံးအတွက်ပင် ကြီးမားသောအန္တရာယ်ဖြစ်သည်။ ပျက်စီးစေနိုင်သောအကြောင်းတရားဖြစ်သည်။ ယင်းကို လက်နက်သဖွယ် ရှေးယခင်ကာလကတည်းက ယနေ့ထက်တိုင်အောင် အသုံးပြုနေကြသည်။ ကိုလိုနီစနစ်ဆိုး၏ ခါးသီးသောအတိတ်သမိုင်းအတွေ့အကြုံများကို လေ့လာကြည့်လျှင် သင်ခန်းစာယူဖွယ်ရာများအဖြစ် တွေ့ရမည်ဖြစ်သည်။ တောင်တန်းမြေပြန့်အကြား၊ ပြည်သူလူထုအကြား သွေးခွဲမှုများ၏ အကျိုးဆက်များသည် အချင်းချင်းအကြား မယုံကြည်မှုများ၊ သံသယများ၊ စိတ်ဝမ်းကွဲမှုများမှသည် ပဋိပက္ခများအထိ ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းဆောင်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများကို အမြဲသတိပြုကြရန်လိုအပ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ်တွင် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်အဖြစ်ခံယူပြီး စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်သည်။ ယခုအခါတွင် သွေးခွဲမှုများသည် နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှုပျက်ပြားအောင်အထိ လုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာ၌ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် နိုင်ငံရေးအသိအမြင်များ အားကောင်းရန်လိုအပ်သည်။ အားလုံးပါဝင်နိုင်သော ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုမှုကို ဖော်ထုတ်နိုင်သောနိုင်ငံရေးစနစ် တည်ဆောက်မှုလိုအပ်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်က ကျင့်သုံးနေသည့်/ကျင့်သုံးရန် ရည်မှန်းထားသည့် နိုင်ငံရေးစနစ်နှင့် ဖြစ်ပေါ်နေသော နိုင်ငံရေးယဉ်ကျေးမှုတို့ သဟဇာတဖြစ်ရန် လိုအပ်သည်။ ကိုလိုနီခေတ်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြား၍ ကျွန်သက်ရှည်အောင် ဆောင်ရွက်ခဲ့သည့်နည်းတူ မျက်မှောက်ကာလ၌လည်း ခေတ်သစ်ကိုလိုနီများနှင့် ပြည်တွင်းသစ္စာဖောက်များက တိုင်းရင်းသားညီနောင်အချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲ၍ မြန်မာနိုင်ငံကို တိုင်းတစ်ပါးလက်ဝေခံ၊ လိုသလိုခြယ်လှယ်ခွင့်ရအောင် ဆက်လက်ဆောင်ရွက်နေသည်ကို သတိရှိရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်ကောင်းကျိုးစီးပွားများကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အတူလက်တွဲ၍ မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်နေသည့် ဖြောင့်မတ်မှန်ကန်သောအကြောင်းတရားများသည် အပြုသဘောဆောင် အကောင်းမြင်မှုများပေါင်းစုပြီး ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းသာယာဝပြောမှုများကို မလွဲမသွေရရှိလာမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခ ဒေါက်တာ အောဘိ<br>ဒုတိယပါမောက္ခချုပ် (စီမံ)<br>အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) | ဦးအောင်ကျော်မိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတင်သွင်းရာ ကုမ္ပဏီ တစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း ၂၂ တန် တင်သွင်းခဲ့သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အတွင်း ကုမ္ပဏီ နှစ်ခုမှ ယာဉ်စီးရေလေးစီး အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးဖြင့် တန် ၂၀၊ နှာခေါင်းစည်း ၂၂ တန် တို့ကို တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အတွင်း ပြည်ပမှတင်သွင်းခဲ့သည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | – ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ခရီးသွားကဏ္ဍသည်လည်း ပြန်လည် လည်ပတ်

**ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းသွားပြီဖြစ်သဖြင့် ခရီးသွားကဏ္ဍသည်လည်း ပြန်လည်လည်ပတ်လာပြီး အဆိုပါ လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသည့်လုပ်ငန်းများ အားလုံးနီးပါး ပုံမှန်ပြန်လည်လည်ပတ်လာပြီဖြစ်ကြောင်း၊ သို့သော် အချို့သောလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကန့်သတ်ချက်များကြောင့် ထိန်းသိမ်းဆောင်ရွက်နေရခြင်းများရှိကြောင်း၊ လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃၀-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

◆ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကပ်လှူပူဇော်**

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်း၏ ရည်ရွယ်ချက်၊ စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် အပိုင်းလိုက်သယ်ယူနိုင်ရေးဆောင်ရွက်ခဲ့မှု၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်မည့် အခြေအနေများနှင့် ဂန္ဓကုဋိတိုက်များ၊ ဓမ္မာရုံများ၊ မော်ကွန်းတိုက်များ၊ သုဓမ္မာဇရပ်၊ မုစလိန္ဒအိုင်၊ မင်္ဂလာတံတားနှင့် ရေပန်းများကို ရတနာပုံခေတ်လက်ရာများအတိုင်း ထည့်သွင်းတည်ဆောက်၍ မြန်မာ့အနုပညာလက်ရာ စုံလင်စွာဖြင့် ဗိသုကာလက်ရာမြောက်အောင် ထည့်သွင်းတည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့်ဥယျာဉ်တော်အကွက်ချပုံစံငယ်များ၊ ရုပ်ပွားတော်ကြီးပုံစံငယ်များ၊ ပိဋကတ်ကျောက်စာရုံနှင့် ကျောက်စာနမူနာများ၊ ရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်များ နေရာချထားမှုနှင့် CNC Machine များဖြင့် ထုဆစ်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ရှင်းလင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN နေပြည်တော်ရှိ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။



## ပခုက္ကူတက္ကသိုလ် ကျောင်းဝင်းအတွင်း လူဦးရေ ၁၆၀ ဆံ့ ကျောင်းသားအိပ်ဆောင်နှင့် ထမင်းစားဆောင်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

ပခုက္ကူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပခုက္ကူတက္ကသိုလ်ကျောင်းဝင်းအတွင်းလူဦးရေ၁၆၀ ဆံ့ကျောင်းသားအိပ်ဆောင်နှင့် ထမင်းစားဆောင် (RC)တစ်လုံး အဆောက်အအုံတည်ဆောက်မှုလုပ်ငန်း ယခုအခါ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပခုက္ကူတက္ကသိုလ်ကျောင်းဝင်းအတွင်း လူဦးရေ ၁၆၀ ဆံ့ ကျောင်းသားအိပ်ဆောင်နှင့် ထမင်းစားဆောင် (RC) အဆောက်အအုံကို တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၆၀ ဆံ့ ကျောင်းသားအိပ်ဆောင်မှာ အလျား ၂၁၂ ပေ၊ အနံ ၁၂၃ ပေ၊ အမြင့် ၂၆ ပေ ကျယ်ဝန်းသည့် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အောက်ထပ်တွင်အခန်း ၄၀၊ အပေါ်ထပ်တွင် ၄၂ ခန်းစီဖြင့် အလျား ၁၂ ပေ၊ အနံ ၁၀ ပေနှင့် အမြင့် ၁၂ ပေရှိသည့် အခန်းပေါင်း ၈၂ ခန်း ပါဝင်ကြောင်း၊ ထမင်းစားဆောင်မှာ အလျား ၁၂၂ ပေ၊ အနံ ၄၈ ပေ၊ အမြင့် ၁၅ ပေ အကျယ်အဝန်းရှိကြောင်း၊ ရေလောင်းအိမ်သာ အပါအဝင် ရေမီးအစုံအလင် တည်ဆောက်ပြီးစီးကြောင်း သိရသည်။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**

# ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ အလုပ်သဘောခရီးစဉ်အဖြစ် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။





ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHHOUK Bunna နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသို့လာရောက်သည့် အလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတက်ရောက်ခြင်းများ ပြုလုပ်ခဲ့ပြီး တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးထွန်းအုံ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိသည့် ပထဝီဝင် သတင်းအချက်အလက်စနစ် နည်းပညာဆိုင်ရာ Geographical Information System-(GIS) သင်တန်းသို့ သွားရောက်စစ်ဆေးပြီး သင်တန်းတက်ရောက်နေသော ဦးစီးဌာနအောက်ရှိ ဌာနခွဲ၊ ဌာနစုများမှ သင်တန်းသားများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ပုဂံမြို့ဟောင်းရှိ အနော်ရထာမင်းတရားကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ နန်းတော်ရာသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ သုတေသနဌာနစုမှ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက နန်းတော်ရာ Site Museum သို့ အများပြည်သူများ ကြည့်ရှုနိုင်ရေး စနစ်တကျ ရှင်းလင်းပြသပေးရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်လေ့လာနိုင်ရေး ဆောင်ရွက်ပေးရန်၊ တူးဖော်တွေ့ရှိသည့် အမွေအနှစ်များကို မပျက်စီးစေရေး ဌာနခွဲပညာရှင်ဝန်ထမ်းများက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားပြီး ဌာနခွဲဓာတ်ခွဲခန်းသို့ရောက်ရှိရာ ဓာတ်ခွဲခန်းသုံးပစ္စည်းများ တပ်ဆင်ထားမှု၊ ဓာတ်ခွဲဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းနန်သူကျေးရွာ လေးထောင့်ကန်မှ စူဠာမဏိဘုရား အရှေ့ဘက်တံတိုင်းဘေးရှိ ရေစစ်ကန်(မကျည်းကန်)သို့လည်းကောင်း၊ အနော်ရထာလမ်းပေါ်ရှိ ပုဂံမျှော်ဘုရား မြောက်ဘက်နှင့် ရွာဟောင်းကြီး ဘုရားတောင်ဘက်တို့တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေကျော်ဆောင်ရွက်မည့်နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပုဂံခေတ်ရေအသုံးချမှုနှင့် ရေလမ်းကြောင်းများသည် ခေတ်အဆက်ဆက် တိုးချဲ့နေထိုင်မှုများ၊ လယ်ယာလုပ်ကိုင်မှုများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကြောင့် မူလရေလမ်းကြောင်း ပြောင်းလဲသွားသဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အချို့နေရာများ၌ မိုးရာသီတွင် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ယင်းရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန်အတွက် မူလရေလမ်းကြောင်း ပြန်လည်ဖော်ထုတ်၍ ရေစီးရေလာကောင်းမွန်ရန် ဒေသရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးဈေးကွက်အတွင်းသို့ မြေထောက်ပဲများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

**မန္တလေး ဇန်နဝါရီ ၈**

၂၀၂၂ ခုနှစ် ပဲရာသီအတွက် မန္တလေးပဲဈေးကွက်အတွင်းသို့ မြေထောက်ပဲများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**အဖွင့်ဈေးကောင်း**

အဆိုပါ မြေထောက်ပဲကို ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ရှိ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ ရွှေကူနယ်များနှင့် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ကလေး၊ ကလေးဝ၊ ဂန့်ဂေါဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ပြီးခဲ့သည့်နှစ်က မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀ ဈေးနှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ နှုန်းအထိ အဖွင့်ဈေးကောင်းစွာဖြင့် အရောင်းအဝယ်များ သွက်လက်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"မြေထောက်ပဲက ဆောင်းသီးနှံအဖြစ် တစ်နှစ်ကိုတစ်ရာသီပဲ စိုက်ပျိုးလို့ရတယ်။ ဒီသီးနှံဟာ ပူတဲ့ရာသီဥတုကိုလည်း မကြိုက်ဘူး။ မိုးများတဲ့ဒေသတွေလည်း မကြိုက်ဘူး။ ဧရာဝတီမြစ်ဝှမ်းနဲ့ ချင်းတွင်းမြစ်ဝှမ်းဒေသ နုန်းတင်မြေနုနေရာတွေမှာပဲ စိုက်ပျိုးလို့ရတယ်။ နိုင်ငံခြားပို့ကုန်သီးနှံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံကို အများဆုံးတင်ပို့ရပါတယ်။ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံက မြေထောက်ပဲကို ဝယ်ယူပြီးတော့ ဆီသွတ်ဘူးတွေ၊ ထုပ်ပိုးတဲ့နည်းစနစ်တွေနဲ့ အခြားနိုင်ငံတွေကို တင်ပို့ရောင်းချတယ်လို့ သိရတယ်။ နှစ်စဉ် မြေထောက်ပဲကို ဥရောပနိုင်ငံနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေကနေ ဝယ်ယူမှုတွေကို တွေ့ရတယ်"ဟု ၎င်းက ရှင်းပြသည်။

ယနေ့တွင် မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်ကောင်းမွန်နေသည့် အဓိကပဲသီးနှံဈေးနှုန်းများအနေဖြင့် ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၂၀၀၀၊ မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀၊ ဂျပန်နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊



နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀ ဈေးနှုန်းတို့ဖြင့် ပေါက်ဈေးရှိနေကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အရည်အသွေးကောင်းသီးနှံမျိုးကို တူညီစွာစိုက်ပျိုးပြီး ဈေးကွက်သို့စုပေါင်းတင်ပို့နိုင်ပါက ပို၍အကျိုးများမည်ဖြစ်




နေပြည်တော် ဇန်နဝါရီ ၈

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနနှင့် ပညာပေးလုပ်ငန်းသည် အရေးပါသော ကဏ္ဍတစ်ရပ်မှ ပါဝင်ကြောင်း၊ ဒေသနှင့်ကိုက်ညီသောသီးနှံများ ရွေးချယ်စိုက်ပျိုးထုတ်လုပ်ရေးတွင် စိုက်ပျိုးရေ ချွေတာနိုင်ရေး၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့်လုပ်ငန်းများတွင် စရိတ်သက်သာပြီး အကျိုးရှိထိရောက်သော နည်းပညာများ ရှာဖွေဖော်ထုတ်ဖြန့်ဖြူးပေးခြင်း လုပ်ငန်းများကို စိုက်ပျိုးပညာပေးစခန်းများအနေဖြင့် အားစိုက်ဆောင်ရွက်ကြစေလိုကြောင်း ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် လွိုင်မွေခြံ စိုက်ပျိုးပညာပေးစခန်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားခဲ့သည်။

**ခေတ်မီနည်းပညာများ အသုံးပြုရန် လိုအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွိုင်မွေကျေးရွာအုပ်စုရှိ ကော်ဖီနှင့် လက်ဖက်စိုက်တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် ခေတ်မီနည်းပညာများ အသုံးပြုရန် လိုအပ်ကြောင်း၊ အရည်အသွေးကောင်းသီးနှံမျိုးကို တူညီစွာစိုက်ပျိုးပြီး ဈေးကွက်သို့ စုပေါင်းတင်ပို့နိုင်ပါက ပို၍အကျိုးများနိုင်မည်ဖြစ်၍ နည်းပညာနှင့် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာ ကုန်ထုတ်သမအသင်းများ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများထံ မျိုးကောင်းမျိုးသန့် ကော်ဖီ၊ လက်ဖက်မျိုးစေ့ပျိုးပင်များနှင့် သွင်းအားစုများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးစခန်း(ကျိုင်းတုံ)သို့ ရောက်ရှိပြီး ကပ်ပါးရောဂါ၊ ဘက်တီးရီးယားရောဂါ စစ်ဆေးခြင်းလုပ်ငန်းများ၊ သွေးရည်ကြည်စစ်ဆေးခြင်း လုပ်ငန်းများနှင့် ရောဂါခွဲစိတ်စစ်ဆေးခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ကူးစက်ရောဂါများ တားဆီးကာကွယ်ရေးနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးလုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းတုံစိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သော လယ်နှင့်ယာစပါးမျိုးများ၊ ပဲပုပ်၊ ပြောင်းသီးနှံမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သုတေသနဆောင်ရွက်ပြီးဖြစ်သည့် မျိုးများကို တောင်သူ့လက်ဝယ်အရောက် ဖြန့်ဝေပေးရန်၊ တောင်သူအတွက် အကျိုးရှိမည့်မျိုး၊ စိုက်စနစ်နှင့် နည်းပညာများ ဖော်ထုတ်ဖြန့်ဖြူးပေးရန်၊ မြေဆီဩဇာထက်သန်မှုဖြစ်စေမည့် အလှည့်ကျသီးနှံ ပြောင်းလဲစိုက်ပျိုးနိုင်စေရေး သီးနှံပုံစံစံပြကွက်များကို အကျိုးဆောင် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အရှေ့မဲခေါင်ပုဂ္ဂလိက ဝက်မွေးမြူရေးခြံ၏ အသားတိုးဝက်မွေးမြူလုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးပြီး ခေတ်မီသားသတ်ရုံ တည်ဆောက်ရေး၊ ဝက်သားပေါက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် မြေနေရာအသုံးပြုခွင့်ရရှိရေးဆိုင်ရာများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်သူ ဦးထွန်းနေဦး၏ ရော်ဘာခြံ၌ စိုက်ပျိုးရေးဦးစီးဌာနက မိုးကာအစေးလိုးစနစ်စံပြကွက်အဖြစ် တောင်သူပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ တတိယအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမှာစကားပြောကြားရာတွင် အပင်မျိုးမွေးမြူသူများက လျှောက်ထားလာသည့် အပင်မျိုးသစ်များအား နည်းပညာကော်မတီက စစ်ဆေးထားသည့် နည်းပညာရပ်ဆိုင်ရာ အချက်အလက်များကို အခြေခံ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးအတွက် အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီက စိစစ်ပြီး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေး ကွန်ဗင်းရှင်းက လက်ခံသည့် ဥပဒေတစ်ခုအနေဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်၍ လယ်ယာကဏ္ဍဆိုင်ရာ တီထွင်ထုတ်လုပ်သူများနှင့် ယင်းတို့၏ ထုတ်ကုန်များအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်ပေးနိုင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရေး ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ အတွင်းရေးမှူး ဒေါက်တာနိုင်ကြည်ဝင်းက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိရန် ကာကွယ်ခွင့် လျှောက်ထားလာသည့် အပင်မျိုးသစ်လေးမျိုးနှင့် ပတ်သက်၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး စစ်ဆေးတွေ့ရှိချက်များအား တင်ပြဆွေးနွေးရာ ကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ပုသိမ်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာအဆောက်အအုံဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာ အဆောက်အအုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ ပြုလုပ်ရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လွှဲပြောင်းပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် Royal Ayar Creative & Construction Co., Ltd. မှ ဒါရိုက်တာ ဦးညီညီထွန်းက အဆောက်အဦဆိုင်ရာ အချက်အလက်များကို တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးခဲ့ပြီး Royal Ayar Creative & Construction Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့ကို အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ကျောင်းကုန်းမြို့နယ် ကရင်ဒုံးယိမ်းအဖွဲ့က ကရင်ဒုံးယိမ်းအကဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အကအဖွဲ့အား ဆုများပေးအပ်ချီးမြှင့်ကြပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# မက်လုံးတွေက ပျက်သုဉ်းဖို့ရာ

စာချစ်သူ

**အမှောင်ထုမပျိုးခင် တိမ်တောက်ချိန်တွင် မှန်ပါးစက္ကူကွက်ကြီးက ရေအိုင်အသွင်သဏ္ဍာန်ထင်ဟပ်နေသည်။ မှန်ပါးစက္ကူအမျှင်စလေးများကလည်း လက်လက်လက်လက်နှင့် ရေလှိုင်းအသွင်ထင်ဟပ်လို့နေသည်။ ဤသည်ကို ကောင်းကင်ပေါ်တွင် ဝဲပျံနေကြသောစနိုက်၊ စစ်စလီတို့သည် မြစ်ချောင်းအင်းအိုင်ဟု ထင်မှတ်ကာ အော်ဟစ်ထိုးဆင်းလာသည့်အခိုက်တွင် ငှက်မုဆိုးတို့ ဆင်ထားသော ကောင်းကင်ပိုက်တွင် ငြိတွယ်ကာ ထောက်ချောက်အတွင်း သက်ဆင်းကြရလေသည်။**



ဘာလင်တံတိုင်း ပြိုကျမှု မှတ်တမ်းဓာတ်ပုံ။

တံငါသည်တစ်ဦးသည် ငါးမျှားတံကို ရှေ့တိုးနောက်ငင်နှင့် ဆန်ကောဝိုင်းဝှေ့ယမ်းနေသည်။ ဝှေ့ယမ်းနေသောအရှိန်ကြောင့် ငါးမျှားချိတ်၌ ချိတ်ထားသော ဖားကလေးသည် ငါးလေးတစ်ကောင် ရေပေါ်၌ ရုပ်ကူးနေသလို တဖျပ်ဖျပ်အသံဖြင့် ရေပေါ်၌ပတ်ချာလည်နေ၏။ ချက်ချင်းပင် ငါးရံ့တစ်ကောင်သည် ဝုန်းခနဲနေအောင် ထိုးဟပ်လိုက်ရာ ကိုတံငါသည် ငါးမျှားတံကိုဆွဲသုတ်လိုက်၏။ ငါးမျှားချိတ်၌ချိတ်မိ၍ ယက်ကန်ယက်ကန်ဖြင့် ရုန်းကန်နေသော ငါးရံ့၏ ဇက်ကို ကိုင်ဖမ်းလိုက်၏။ ပြီးတော့မှ ဇက်နှင့်ခေါင်းကို လက်တစ်ဖက်စီ ခွကိုင်ပြီး အားစိုက်၍ချိုးလိုက်ရာ ငါးရံ့မှာ ဇက်ကျိုး၍ ငြိမ်သက်သွားခဲ့လေသည်။

ချောင်းရိုးကြီး ကမ်းစပ်တစ်လျှောက်တွင် ချုံများတစ်ခုနှင့်တစ်ခု ဆက်ကာဆက်ကာရှိနေသည်။ အဆိုပါချုံများမှာ သဘာဝချုံများ မဟုတ်ပါ။ ချုံများအတွင်း နှစ်ခြိုက်စွာခိုအောင်းတတ်သည့် ငါးများ၏ ဗီဇကိုသိနေသော ကိုတံငါသည် သူ့ချုံများအတွင်း ငါးများလာရောက်ခိုအောင်းလာရန် ဖန်တီးပြုပြင်ထားခြင်းဖြစ်သည်။ အစာအဖြစ် ဖွဲနုများကို နေ့စဉ်ပက်ကြဲ၍ မက်လုံးပေးဆွဲဆောင်ထားပြန်ပါသည်။ ငါးအမြောက်အမြား ခိုအောင်းလာပြီဆိုလျှင်ဖြင့် ထိုချောင်းရိုးကိုပိတ်ဆို့၍ ဖမ်းဆီးပါတော့မည်။

ဤလောကတွင် ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို၊ အင်အားကြီးသူက အင်အားနည်းသူကို ထိုကဲ့သို့မက်လုံးအမျိုးမျိုးပေး၍ ကိုယ်ကျိုးစီးပွားအတွက် လိုသလိုအသုံးချတတ်သည်မှာ ဓမ္မတာပင်။

**အိမ်ကြက်ချင်း အိုးမည်းသုတ်၍ ခွပ်ခိုင်း**

လူအချင်းချင်းကြားမှာလည်း ဉာဏ်နီဉာဏ်နက်များသူတို့က ရိုးအသူများကို လိမ်လည်လှည့်ဖြားတတ်ကြသည်။ နိုင်ငံအချင်းချင်းကြားတွင်လည်း အင်အားကြီးနိုင်ငံက အင်အားနည်းနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးလေ့ရှိသည်။ သွေးခွဲမှုဖြင့် အိမ်ကြက်ချင်း အိုးမည်းသုတ်၍ ခွပ်ခိုင်းစေသည်။ မက်လုံးအမျိုးမျိုးပေး၍ ကိုယ့်ဩဇာခံများကို မွေးမြူတတ်ကြသည်။ ၁၈ ရာစု၊ ၁၉ ရာစု၊ ၂၀ ရာစု၊ ၂၁ ရာစု စသည်ဖြင့် ရာစုနှစ်များချီ၍သာ ပြောင်းလဲသွားပေမည်။ ထိုသို့သောလုပ်နည်းလုပ်ဟန်များကဖြင့် မပြောင်းလဲပါ။

သမိုင်းစဉ်တစ်လျှောက်ကြည့်လျှင် ကိုလိုနီနယ်ချဲ့နိုင်ငံကြီးများ၏ မက်လုံးအမျိုးမျိုးကြောင့် နိုင်ငံငယ်လေးများမှာ ကျောကော့အောင် ခံခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ဖက်ဆစ်ဂျပန်တို့သည် ၎င်းတို့၏ကုန်ကြမ်းရရှိရေး စီးပွားရေးအလို့ငှာ အင်္ဂလိပ်၊ ပြင်သစ်နှင့် ဒတ်ချ်ကိုလိုနီလက်အောက်ခံကျရောက်နေသော အရှေ့တောင်အာရှနိုင်ငံငယ်လေးများအား မက်လုံးအမျိုးမျိုးပေး၍ မြူဆွယ်ခဲ့သည်။ မြူဆွယ်သည့်မက်လုံးတစ်ခုက “အရှေ့အာရှ သာတူညီမျှကောင်းစားရေး” ကြွေးကြော်သံတည်း။

မြန်မာနိုင်ငံအတွက် မက်လုံးကတော့ “လွတ်လပ်ရေး”။ ဗြိတိသျှကိုလိုနီနယ်ချဲ့အောက် သူ့ကျွန်ဘဝသို့ နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့ရသည့် မြန်မာတို့အဖို့ အင်မတန်မက်လောက်စရာ မက်လုံးဖြစ်ခဲ့သည်။ အမှန်တကယ်လည်း ဂျပန်တို့က ဗမာ့လွတ်မြောက်ရေးတပ်မတော်(BIA)နှင့်အတူ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်ပြီးလျှင် မြန်မာတို့အတွက် လွတ်လပ်ရေးပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

သို့ရာတွင် ဂျပန်သည် မြန်မာ့လွတ်လပ်ရေးကို စိတ်မဝင်စားပါ။ သူတို့စိတ်ဝင်စားသည်က တရုတ်တစ်ပြည်လုံးကို သိမ်းယူနိုင်ရေးအတွက် မြန်မာ-တရုတ်လမ်းမကြီးကို ပိတ်ပင်နိုင်ရေး၊ မြန်မာမှတစ်ဆင့် အိန္ဒိယကို ချီတက်သိမ်းပိုက်နိုင်ရေးမျှသာ ဖြစ်သည်။ ထို့ကြောင့် ဂျပန်တို့ပေးသောစစ်အတွင်းကာလ လွတ်လပ်ရေးမှာ ရွှေရည်စိမ်လွတ်လပ်ရေးမျှသာ ဖြစ်ခဲ့သည်။

ဖက်ဆစ်ဂျပန်၏သွေးစုပ်မှုမှာ နယ်ချဲ့အင်္ဂလိပ်၏ သွေးစုပ်မှုထက်လည်း အဆများစွာ ဆိုးရွားပြင်းထန်လေသည်။ အင်္ဂလိပ်က သစ်၊ ရေနံ၊ သတ္တုစသောလုပ်ငန်းကြီးများလောက်ကိုသာ သွေးစုပ်ခဲ့သော်လည်း ဂျပန်က ငါးပိ၊ ငါးခြောက် စသောလုပ်ငန်းငယ်လေးများမှအစ အောက်ခြေသိမ်းသွေးစုပ်လေတော့သည်။ ကျွဲ၊ နွားတို့ကို သိမ်းယူသည်။ ဂျပန်ကုမ္ပဏီကြီးများက တန်ဖိုးမရှိသော ဂျပန်ငွေစက္ကူများကို ထုတ်ပေး၍ မြန်မာတို့၏နှမ်း၊ မြေပဲ၊ ဝါဂွမ်းစသည်တို့ကို သိမ်းယူကြလေသည်။ ဂျပန်စစ်တပ်နှင့် ကင်ပေတိုင်ခေါ် ဂျပန်စစ်ပုလိပ်အဖွဲ့က မြန်မာပြည်သူများကို နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ကြလေသည်။ မြန်မာတို့ကို ချွေးတပ်ဆွဲသည်။ မြန်မာအမျိုးသမီးများကိုလည်း ငွေ၊ ပစ္စည်းတို့ဖြင့် ဖြားယောင်းသွေးဆောင်၍ လည်းကောင်း၊ အဓမ္မအနိုင်ကျင့်၍ လည်းကောင်း ဖျက်ဆီးကြလေသည်။

**ဘယ်သောအခါကမှ မယုံကြည်ခဲ့**

ဗိုလ်ချုပ်အောင်ဆန်းသည် အချို့ပုဂ္ဂိုလ်များယူဆသကဲ့သို့ ဂျပန်က မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပေးလိမ့်မည်ဟူ၍ ဘယ်သောအခါကမှ မယုံကြည်ခဲ့ပေ။ ထို့ကြောင့် ဘီအိုင်အေတပ်မတော်၏ သေနာပတိဗိုလ်တေဇအဖြစ် ထုတ်ဝေသော ကြေညာစာတမ်းတွင် “လွတ်လပ်ရေးမည်သည် သူများ၏ နို့သက်ခံစို့နေ၍မရနိုင်။ မိမိတို့အားကို မိမိတို့ကိုးပြီး မိမိတို့ဘာသာကြိုးပမ်းရမည်”ဟု စသည်ဖြင့် ဖော်ပြထားခဲ့လေသည်။

ဗြိတိသျှနယ်ချဲ့သမားနှင့် ဖက်ဆစ်ဂျပန်တို့၏ တူညီသောအချက်မှာမူ နယ်ချဲ့သမားများပီပီ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီကိုကျင့်သုံးကာ မြန်မာတိုင်းရင်းသားအချင်းချင်းကြား သွေးကွဲအောင် နည်းအမျိုးမျိုးဖြင့် ရန်တိုက်ပေးပြီး သွေးခွဲခဲ့ခြင်းဖြစ်ပေသည်။ မြန်မာအပါအဝင် ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်စ ထွန်းသစ်စ နိုင်ငံငယ်လေးအများစုမှာ ပြည်တွင်းစစ်မီးလျှံများနှင့် ကြုံတွေ့ခဲ့ကြရလေသည်။ အိန္ဒိယအပါအဝင် အချို့နိုင်ငံများကတော့ နိုင်ငံတွေခွဲထွက်မှုကြောင့် ပွဲထွက်ကုန်ကြသည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေး**

အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့အားပြိုင်ခဲ့ကြသည့် စစ်အေးခေတ်ကာလတွင်မူ အမေရိကန်အပါအဝင် အနောက်နိုင်ငံများ ကိုင်စွဲလာသည့် မက်လုံးကတော့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး။ နှစ်ရှည်လများ ဗဟိုဦးစီးစနစ်ချုပ်ကိုင်မှုများကြားတွင်သာ နေထိုင်ခဲ့ရသောကြောင့် အပြောင်းအလဲကိုလိုလားလာကြသော ပြည်သူများအဖို့ကတော့ မက်လောက်စရာ မက်လုံးတစ်ခုပင်။

အနောက်နိုင်ငံကြီးများ၏ ငါးမျှားချိတ်၌ ချိတ်ထားသည့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ငါးစာကို ဝုန်းခနဲနေအောင် ပထမဆုံး ထိုးဟပ်လိုက်သည့် ငါးလေးက မြန်မာနိုင်ငံငယ်လေးပင်။ ကျောင်းသားနှင့်အရပ်သား လက်ဖက်ရည်ဆိုင်တွင် ခိုက်ရန်ဖြစ်ပွားရာမှ အစပြု၍ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးအထိ အရှိန်မြင့်တက်လာသည်။ တောင်းဆိုချက်များကလည်း ပြောင်းလဲသွားသည်။ ကျောင်းသားများ မူလတောင်းဆိုကြသည့် “ဖမ်းဆီးခံ ကျောင်းသားများ ပြန်လွှတ်ပေးရေး”၊ “ဖမ်းဆီးခံကျောင်းသားများ ပညာသင်ကြားခွင့် ပြန်လည်ရရှိရေး”စသည်ဖြင့် ကျောင်းသားအခွင့်အရေးဆိုင်ရာ တောင်းဆိုချက်များမှသည် လက်ဟောင်းနိုင်ငံရေးသမားကြီးများနှင့် အနောက်နိုင်ငံ သံတမန်များ၏ နှပ်ကြောင်းပေးမှုများနှင့်အတူ “ဒီမိုကရေစီရရှိရေး”တောင်းဆိုမှုဖြစ်လာသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ သမ္မတ ဒေါက်တာမောင်မောင် အစိုးရက “သုံးလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်” ဟူသော ကတိစကားဆိုပြန်တော့ အတိုက်အခံအင်အားစုများသည် “ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး”မက်လုံးဖြင့် လူထုကို မက်လုံးပေးဆွဲဆောင်ကြပြန်ပါသည်။ ဤသို့ဖြင့် မြန်မာ့နိုင်ငံရေး အကျပ်အတည်းသည် ဆယ်စုနှစ်များစွာရှည်ကြာခဲ့လေသည်။

မြန်မာပြီးတော့ တရုတ်ပြည် ထျန်အန်းမင်အရေးအခင်း၊ ဘာလင်တံတိုင်းပြိုလဲမှု၊ ဂေါ်ဘာချော့ဗ်၏ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲမှု၊ ချောင်ဆက်စကူး၏ ရိုမေးနီးယားအပါအဝင် အရှေ့အုပ်စုတို့၏ ပြိုကွဲမှုများ။ ငါးမျှားချိတ်တွင် ချိတ်ဆွဲထားသည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးငါးစာကို ငါးကြီးငါးသေးများက တစ်ကောင်ပြီး တစ်ကောင် အပြုံလိုက်ပြေးဟပ်မိကြလေပြီ။ ပြီးတော့ မထွေးနိုင် မအန်နိုင် ဖြစ်ကြရတော့၏။

**အတွဲအစပ်ညီစွာအသုံးချ**

စစ်အေးခေတ်အလွန်တွင်လည်း အမေရိကန်နှင့် အနောက်နိုင်ငံကြီးများသည် ပြိုင်ဘက်နိုင်ငံများနှင့် ၎င်းတို့အကျိုးစီးပွားအပေါ် ဆန့်ကျင်သည့်နိုင်ငံငယ်များအပေါ် စစ်အင်အားကို ကိုယ်စားပြုသည့် “ပါဝါအမာ” (hard power)နှင့် စီးပွားရေး၊ သံတမန်ရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ယဉ်ကျေးမှုဆိုင်ရာ ဩဇာသက်ရောက်မှု စသည့် မျက်နှာစာပေါင်းစုံကိုကိုယ်စားပြုသည့် “ပါဝါအပျော့” (soft power) တို့ကို ပေါင်းစပ်၍ စမတ်ပါဝါ (Smart power) အခင်းအကျင်းကိုကိုင်စွဲ၍ သံတမန်ရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ ဥပဒေနှင့်ယဉ်ကျေးမှုရေးရာ တန်ဆာပလာတို့ကို အတွဲအစပ်ညီစွာအသုံးချကာ ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားအတွက် ထိုးဖောက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြန်ပါသည်။

စာမျက်နှာ ၇ သို့

**“ခေတ်တွေမည်သို့ပင်ပြောင်းစေကာမူ အင်အားကြီးသူက အင်အားနည်းသူကို၊ ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို မက်လုံးအမျိုးမျိုးပေးနေကြဆဲပင်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲနောက်ပိုင်းတွင်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မက်လုံးများကတစ်ကျော့ပြန် ပြန်လည်ထွက်ပေါ်လာပြန်ပါသည်။ “ဖက်ဒရယ်ပြည်ထောင်စု”ဟူသော မက်လုံးအသစ်တစ်မျိုးကလည်း တွဲလျက်ကပ်ပါလာပြန်ပါသည်။ သမိုင်းသင်ခန်းစာများအရ အားကြီးသူက အားနည်းသူကို၊ ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို ကိုယ်ကျိုးစီးပွားအလို့ငှာပေးသော မက်လုံးတွေက ပျက်သုဉ်းဖို့ရာပင်”**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားလျက်ရှိသော မာရဝိဇယဘူမိဖသ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထုပူဇော်မည့် ပိဋကသုံးပုံပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုအား စိစစ်တည်းဖြတ်နိုင်ရေး ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**ရန်ကုန် ဇန်နဝါရီ ၈**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားလျက်ရှိသော မာရဝိဇယဘူမိဖသ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထု ပူဇော်မည့် ပိဋကသုံးပုံ ပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုအား စိစစ်တည်းဖြတ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ပြုလုပ်သည်။ **(ယာပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ စိစစ်တည်းဖြတ်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဇောတိက၊ စိစစ်တည်းဖြတ်ရေးကော်မတီ အတွင်းရေးမှူး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ စိစစ်တည်းဖြတ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဆရာတော်တို့က ပိဋကသုံးပုံပါဠိတော်ကို Roman အက္ခရာဖြင့် စိစစ်တည်းဖြတ်နိုင်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဩဝါဒကထာများ မိန့်ကြားတော်မူကြသည်။

ထို့နောက် စိစစ်တည်းဖြတ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရှင်းလင်းလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားလျက်ရှိသော မာရဝိဇယဘူမိဖသ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော ဆဋ္ဌသင်္ဂါယနာတင် တိပိဋက ပါဠိတော်ကျမ်း ၅၃ ကျမ်း (အုပ်ရေ ၄၀)တို့ကို ပါဠိ၊ Roman နှစ်ဘာသာဖြင့် ကျောက်စာရေးထိုး ပူဇော်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထု ပူဇော်ရာတွင် ယခင်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် ပါမောက္ခချုပ်ဆရာတော်အဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသီလာနန္ဒာဘိဝံသ ဆရာတော်ကြီးက ရှေးဦးစွာ Roman အက္ခရာဖြင့် ဘာသာပြန်ဆိုထားတော်မူခဲ့သော Romanization ကျမ်း ၅၃ ကျမ်း (အုပ်ရေ ၄၀) အား အတည်ပြုရွေးချယ်ထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ Romanization ကျမ်း ၅၃ ကျမ်း (အုပ်ရေ ၄၀)အား ဆဋ္ဌသင်္ဂါယနာမူနှင့် ကိုက်ညီစေရေးအတွက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ဩဝါဒကိုခံယူကာ စိစစ်တည်းဖြတ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် နာယကအဖွဲ့၊ စိစစ်တည်းဖြတ်ရေးကော်မတီ၊ လုပ်ငန်းကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့်လည်း ဆရာတော်ကြီးများ၏ စိစစ်တည်းဖြတ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ကိစ္စအဝဝကို ဆောင်ရွက်ပေးရန် အသင့် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် စိစစ်တည်းဖြတ်ရေး ကော်မတီ အတွင်းရေးမှူး ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက မန္တလေးကုသိုလ်တော်ဘုရားရှိ မူလကျောက်စာချပ်ပုံစံများနှင့် နှိုင်းယှဉ်ကာ မာရဝိဇယ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဖြစ်ပေါ်လာမည့် ကျောက်စာချပ်ပုံစံ၊ အရွယ်အစားနှင့် ကျောက်စာတစ်ချပ်လျှင် ပါဠိအက္ခရာ၊ Roman အက္ခရာတို့ဖြင့် ဝင်ဆံ့နိုင်မည့် စာမျက်နှာအရေအတွက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော တက္ကသိုလ်အသီးသီးမှ ပညာရှင်ဆရာတော်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက ပိဋကသုံးပုံပါဠိတော်ကို Roman အက္ခရာဖြင့် ပြောင်းလဲရေးသားထားမှုအား စိစစ်တည်းဖြတ်နိုင်ရေးအတွက် ဝိနယပိဋက ငါးအုပ်၊ သုတ္တန္တပိဋက ၂၃ အုပ်၊ အဘိဓမ္မာပိဋက ၁၂ အုပ် စုစုပေါင်း အုပ်ရေ ၄၀ တို့၏ ကျမ်းစာရင်းများအား သက်ဆိုင်ရာ တက္ကသိုလ်အလိုက် စိစစ်တည်းဖြတ်ရန် လုပ်ငန်းတာဝန် ခွဲဝေပြီးစီးမှုအခြေအနေ၊ သက်ဆိုင်ရာ ကျမ်းစာရင်းများအလိုက် ဌာနအသီးသီးမှ စိစစ်တည်းဖြတ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ် လျှောက်ထားဆွေးနွေးတော်မူကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စိစစ်တည်းဖြတ်ရေးကော်မတီ အတွင်းရေးမှူး ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ပြန်လည်သုံးသပ် ဆွေးနွေးတော်မူပြီး စိစစ်တည်းဖြတ်ရေးကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❁ **စာမျက်နှာ ၆ မှ**

အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံများအပေါ် ဖြစ်လေသည်။ ၉/၁၁ အကြမ်းဖက်မှုအလွန်တွင် အမေရိကန်နှင့် အနောက်နိုင်ငံများသည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ကို ပစ်မှတ်ထား၍ စစ်ပွဲဆင်နွှဲခဲ့သည်။

အာဖဂန်နစ္စတန်အတွက် မက်လုံးကမူ တာလီဘန်များကို ဖြုတ်ချပြီး အာဖဂန်ပြည်သူ ၂၆ သန်းကျော်ကို ဆိုးရွားလှသည့် ဖိနှိပ်မှုအောက်က လွတ်မြောက်စေရန်ဖြစ်ပြီး အီရတ်နိုင်ငံပြည်သူများအတွက် မက်လုံးကတော့ ကမ္ဘာကြီးငြိမ်းချမ်းဖို့၊ အီရတ်ပြည်သူများ၏ လွတ်လပ်မှုနှင့် အကျိုးစီးပွားအတွက်ပါဟု အမေရိကန်ကဆိုသည်။ အာဖဂန်စစ်ပွဲ၏စစ်ဆင်ရေးစီမံချက်ကို Operation Enduring Freedom ဟု အမည်ပေးခဲ့ပြီး အီရတ်စစ်ပွဲကိုမူ Operation Iraqi Freedom ဟု အမည်ပေးခဲ့သည်။

ယနေ့မျက်မှောက်ကာလမှာတော့ အမေရိကန်သည် အာဖဂန်ကို ကိုယ်လွတ်ရုန်းစွန့်ခွာထွက်သွားပြီး အာဖဂန်ပြည်သူတို့ကို တာလီဘန်တို့လက်ထဲတွင် ဝကွက်အပ်ခဲ့လေသည်။ ဆက်ဒမ်ဟူစိန်ခေတ်အလွန်တွင် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးတို့ဖြင့် သာယာဝပြောလာမည့် အီရတ်နိုင်ငံသစ်ကိုမျှော်လင့်ခဲ့ကြသော အီရတ်ပြည်သူများအဖို့လည်း လက်တွေ့ပကတိဘဝတွင် ဖွတ်မရဓားမဆုံး ဖြစ်ခဲ့ကြရပြန်သည်။ ပြိုင်ဘက်စစ်အုပ်စုများ၏ တိုက်ပွဲများကြားတွင် နိုင်ငံသည် ထောင်းလမောင်းကြေခဲ့ပြီး အီရတ်ပြည်သူတို့သည်လည်း မြေစာပင်ဖြစ်ကာ ဒုက္ခပင်လယ်ဝေခဲ့ကြရလေသည်။

## အာရပ်နွေဦး

ပြီးတော့ အာရပ်နွေဦး။ ၂၀၁၁ ခုနှစ်တွင် တူနီးရှားနိုင်ငံမှအစပြုပေါ်ပေါက်လာသော အာဏာရှင်ဆန့်ကျင်ရေး လူထုအုံကြွပေါက်ကွဲမှုကြီးသည် အာရပ်ကမ္ဘာသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့ကူးစက်သွားသည်။ ကဒါဖီ၏လစ်ဗျား၊ ဘာရိန်း... ဘာရှားအယ်လ်အာဆတ်၏ ဆီးရီးယားနိုင်ငံတို့တွင် ပြည်တွင်းစစ်များဖြစ်ပွားလာသည်။ အီဂျစ်နိုင်ငံတွင် သွေးထွက်သံယိုအရေးအခင်းများပေါ်ပေါက်ခဲ့ပြီး မူဘာရက်အစိုးရ ပြုတ်ကျသွားသည်။ အမေရိကန်၏မဟာမိတ် အာရပ်နိုင်ငံများဖြစ်ကြသည့် ဆော်ဒီ၊ ဘာရိန်း၊ ကာတာ၊ ဂျော်ဒန်တို့ကမူ အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့၍ လေပြင်းတိုက်သလို လှုပ်ရှားသွားပြီး မပြုတ်ခဲ့ကြ။ ရာဇပလ္လင် လှုပ်ရှဲသာလှုပ်ပြီး မပြုတ်ခဲ့ကြ။

လစ်ဗျားနှင့်ဆီးရီးယားပြည်သူများအဖို့မှာတော့ အာရပ်နွေဦးတော်လှန်ရေးသည် မှန်းချက်နှင့်နှမ်းထွက်မကိုက် ဖြစ်ကြရသည်။ သူတို့ မူလကလိုလားကြသည်က ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသမီးတို့၏အခြေခံလွတ်လပ်မှုနှင့် ရပိုင်ခွင့်များ။ လက်တွေ့ ရရှိခဲ့သည့်အရာများကတော့ ပါဝါလေဟာနယ်ကြားတွင် အာဏာကို လက်ဆုပ်လက်ကိုင် ဖမ်းဆုပ်အရယူကြမည့် ပြိုင်ဘက်ဂိုဏ်းခွဲအုပ်စုများ၏ တိုက်ပွဲများ။ ထိုမှ ပြည်တွင်းစစ်မီးလျှံကြီးသာ ရရှိခဲ့ကြလေသည်။

ပြိုင်ဘက်ဂိုဏ်းခွဲအုပ်စုများ၏ ပြည်တွင်းစစ်ကြောင့် ထိုနှစ်နိုင်ငံသည် ယနေ့တိုင် နာလန်မထူနိုင်သေး။ စစ်ဘေးဒဏ်ကြောင့် အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရရှိခဲ့ကြသလို စစ်ဘေးဒုက္ခသည်များအဖြစ် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပြန်သည်။ ယခုရက်ပိုင်း ဒီဇင်ဘာ ၃၀ ရက်မှာပင် လစ်ဗျားနိုင်ငံမှ ခိုလှုံခွင့်တောင်းခံသူ ဒုက္ခသည်များကို ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ကယ်ဆယ်ရေးလေယာဉ်ဖြင့် နိုင်ဂျာနိုင်ငံသို့ပို့ဆောင်ပေးခဲ့ရသည်။ လစ်ဗျားနိုင်ငံမှ နိုင်ဂျာနိုင်ငံသို့ကယ်တင်ပေးနိုင်ခဲ့သူ ဒုက္ခသည်နှင့်ခိုလှုံရာ တောင်းခံသူဦးရေမှာ ၃၇၁၀ ရှိပြီဖြစ်ကြောင်း ထုတ်ပြန်ချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့လေသည်။

ခေတ်တွေမည်သို့ပင် ပြောင်းစေကာမူ အင်အားကြီးသူက အင်အားနည်းသူကို၊ ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို မက်လုံးအမျိုးမျိုးပေးနေကြဆဲပင်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲနောက်ပိုင်းတွင်လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မက်လုံးများက တစ်ကျော့ပြန် ပြန်လည်ထွက်ပေါ်လာပြန်ပါသည်။ "ဖက်ဒရယ်ပြည်ထောင်စု"ဟူသော မက်လုံးအသစ် တစ်မျိုးကလည်း တွဲလျက်ကပ်ပါလာပြန်ပါသည်။

ငါးမျှားချိတ်၌ ချိတ်ထားသော ငါးစာကိုပြေးဟပ်သူတို့က ပြေးဟပ်ကြသည်။ ဖွဲနုကလေးများနေ့စဉ်ပက်ကြဲ၍ စားသောက်နိုင်ရန်နှင့် အရိပ်အာဝါသကောင်းကောင်းရရှိစေရန် ဖန်တီးပေးထားသော ကမ်းစပ်တစ်လျှောက်ရှိ ချုံများအတွင်းသို့ ပြေးဝင်ခိုလှုံသူတို့က ခိုလှုံကြသည်။ အချို့က စနိုက်နှင့် စစ္စလီတို့ကဲ့သို့ မှန်ပါးစက္ကူကွက်ကြီးကို တိမ်တောက်ချိန်တွင် မြစ်ချောင်းအင်းအိုင်ထင်၍ ထိုးဆင်းခဲ့ကြလေသည်။ သမိုင်းသင်ခန်းစာများအရ အားကြီးသူက အားနည်းသူကို၊ ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို ကိုယ်ကျိုးစီးပွားအလို့ငှာပေးသော မက်လုံးတွေက ပျက်သုဉ်းဖို့ရာပင်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းတုံမြို့ မြန်မာ-ထိုင်းနယ်စပ် Bp-1 နယ်စပ်ဂိတ် သွားရောက်ကြည့်ရှုစစ်ဆေး

**ပုံပါကျင် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက် ၁၁ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ Bp-1 မြန်မာ-ထိုင်း နယ်စပ်ဂိတ်ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟွေအောရော်ဘာစက်ရုံသို့ သွားရောက်ကာ ရော်ဘာထုတ်လုပ်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ဟွေအောရော်ဘာစက်ရုံမှ တစ်နေ့လျှင် ရော်ဘာတန်ချိန် ၁၅ တန်ထွက်ရှိကြောင်း၊ ထွက်ရှိလာသောရော်ဘာများကို တာချီလိတ်မြို့သို့ တင်ပို့ကာ တစ်ကီလိုလျှင် ထိုင်းငွေ ၃၄ ဘတ်ဖြင့် ရောင်းချပြီး စက်ရုံလေးရုံဖြစ်သည့် ဟွေအောစက်ရုံ၊ မိုင်းဆတ်မြို့နယ် မိုင်းယွန်းတွင် စက်ရုံနှစ်ရုံ၊ ဝမ်ဟုန်တွင် တစ်ရုံဖြင့် လည်ပတ်လျက်ရှိသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟောင်လိတ်ကျေးရွာ ကြက်သွန်ဖြူ ရေဖျန်းစနစ်စိုက်ခင်း ၉ ဒသမ ၆၅ ဧကကိုလည်းကောင်း၊ နားကောင်းမူး အခြေခံပညာအထက်တန်းကျောင်းတို့ကိုလည်းကောင်း သွားရောက်ပြီး "ဝ" ဒေသ အထူးအဖွဲ့နှင့် တွေ့ဆုံသည်။

ထို့နောက် မိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် တက်ရောက်အမှာစကားပြောကြားပြီး ထောက်ပံ့ငွေ၊ နှာခေါင်းစည်း၊ လက်ဆေးရည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)





# ဘားအံပညာရေးဒီဂရီကောလိပ် သင်တန်းသူအိပ်ဆောင် ပန္နက်တင်အခမ်းအနားနှင့် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ တက်ရောက်

**ဘားအံ ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ဘားအံပညာရေး ဒီဂရီကောလိပ်၏ သင်တန်းသူ ၂၀၀ ဆံ့ (၁၇၉ ပေ x ၃၆ ပေ) RCC လေးထပ် အိပ်ဆောင် တစ်ဆောင် ဆောက်လုပ်ခြင်း ပန္နတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ထို့နောက် ဘားအံပညာရေး ဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက အဆောက်အအုံတည်ဆောက်ရေး ရှင်းလင်းဆောင်၌ တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဘားအံမြို့နယ် လှာကာကျေးရွာ ရွာလယ်ဓမ္မာရုံ၌ နံနက် ၁၁ နာရီခန့်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ တက်ရောက် အားပေးခဲ့ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေသခံ တိုင်းရင်းသား ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ နိုင်ငံသား စိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကျုံမသွယ်ကျေးရွာနေ ဒေသခံပြည်သူ ၆၆ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများအား ပေးအပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# ရှုပ်ထွေးနေသောဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်ကြိုးများ သွယ်တန်းမှုစနစ်တကျဖြစ်စေရေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှုပ်ထွေးနေသော ဆက်သွယ်ရေးကြိုးများ၊ လျှပ်စစ်ကြိုးများ သွယ်တန်းမှု စနစ်တကျဖြစ်စေရေးညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေတို့က အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ဌာနမှူး ဦးလင်းခိုင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ရှုပ်ထွေး၍စည်းကမ်းလိုက်နာမှု မရှိသော ဖိုင်ဘာကြိုးနှင့်တိုင်များအား စနစ်တကျရှိစေရေးအတွက် ကုမ္ပဏီ ၂၂ ခုနှင့် အတူ မြေပြင်တွင် ကွင်းဆင်းဆောင်ရွက်နေမှု၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအမှုဆောင်အရာရှိချုပ် ဦးကျော်သူက လျှပ်စစ်ဓာတ်အားပေးရေးတိုင်များပေါ်တွင် တရားမဝင်ကြိုးများ ဖယ်ရှားရှင်းလင်းမှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒုတိယ အင်ဂျင်နီယာချုပ် ဦးသန်းလှိုင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းတိုင်များပေါ်တွင် ရှုပ်ထွေးနေသောဆက်သွယ်ရေးကြိုးများ သွယ်တန်းမှု စနစ်တကျဖြစ်စေရေးနှင့် လမ်းနှင့်မလွတ်ကင်းသော တယ်လီဖုန်းတိုင်များပြောင်းရွှေ့ရေး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာသူများက ရှုပ်ထွေးနေသော ဆက်သွယ်ရေးကြိုးများနှင့် လျှပ်စစ်ကြိုးများ သွယ်တန်းမှု စနစ်တကျဖြစ်စေရေး အကြံပြု ဝိုင်းဝန်းဆွေးနွေးကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနာဂတ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကြိုးနှင့် လျှပ်စစ်ကြိုးများ ရှုပ်ထွေးမှု မရှိစေရေး Underground စနစ်ဖြင့် လမ်းတိုးချဲ့ပြီးသော်လည်း လမ်းနှင့် မလွတ်ကင်းသည့် တယ်လီဖုန်းတိုင်များအား လမ်းနှင့်လွတ်ကင်းရာသို့ ပြောင်းရွှေ့ပေးရန် မီးတိုင်ရွှေ့ပြောင်းရာတွင် အမှန်တကယ် လိုအပ်သည့် ဘဏ္ဍာငွေကိုသာ စိစစ်တောင်းခံခွင့်ပြုချထားပေးရန်၊ ရွှေ့ပြောင်းရာတွင် ဆယ်တင်ရရှိသည့် မီးတိုင်များ၏ ကြံ့ခိုင်မှုကို စစ်ဆေးပြီး ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း သက်ဆိုင်ရာဌာနများက သတ်မှတ်စည်းကမ်း လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်ရန်တို့ကို မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**





# (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲနှင့် မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ဇန်နဝါရီ ၁၀ ရက်တွင်ကျရောက်မည့် (၇၄) နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်(အထက်မြန်မာပြည်)တို့ ပူးပေါင်းကျင်းပသည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် မျိုးဆက်သစ်ပြိုင်ပွဲများကို ယနေ့တွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦးနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ၅ ချီစိန်ခေါ်ပွဲ ၂ ပွဲ၊ ၃ ချီစိန်ခေါ်ပွဲ ၈ ပွဲ၊ ရိုးရာအောင်လံပွဲအထူး (လူကြီး) ၁ ပွဲနှင့် ရိုးရာအောင်လံပွဲအထူး(လူငယ်) ၁ ပွဲ စုစုပေါင်းပွဲစဉ် ၁၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး အနိုင်ရရှိသူများကို ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် သံဖြူဇရပ်မြို့ ကျောက်ကပ်တုသွေးသန့်စင်ဌာနဖွင့်ပွဲနှင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ကွင်းဆင်းကြည့်ရှု



သံဖြူဇရပ် ဇန်နဝါရီ ၈

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သံဖြူဇရပ်မြို့နယ် ဇီဝိတဒါနဆေးအလှူတော်ရုံ၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မပီယ (အရှင်သုညာ)၏ သက်တော်(၅၀)ပြည့်(ရွှေရတု) ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားနှင့် ကျောက်ကပ်တုသွေးသန့်စင်ဌာနဖွင့်ပွဲသို့ တက်ရောက်ပြီး ကျောက်ကပ်တုသွေးသန့်စင်ဌာနကို ဆရာတော် ဘဒ္ဒန္တ ဓမ္မပီယ(အရှင်သုညာ)နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကျောက်ကပ်ဆေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဇီဝိတဒါန ဆေးအလှူတော်ရုံတွင် ဆရာတော်၊ သံဃာတော်များ၊ တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များက အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ လိုအပ်သည်များကို မွန်ပြည်နယ် အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံဖြူဇရပ်မြို့နယ် ကဒတ်ထောက်ကျေးရွာ ကျိုက္ခမီ–ကဒတ်ထောက်–ကရင်သောင်–စက်စဲ ကမ်းခြေပတ်လမ်း ခင်းကျင်းဆောင်ရွက်နေမှု၊ မုဒုံမြို့နယ် ဆက်သွယ်ကျေးရွာအဝင်လမ်းတို့ကို ကြည့်ရှုစစ်ဆေး၍ ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်နှင့်မြို့ပြ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်၏ဒေါက်တိုင်များဖြစ်သည့် အားလျော်စွာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဌာနဆိုင်ရာများကလည်း မိမိတို့သက်ဆိုင်သည့် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။ ထို့အတူ သက်ဆိုင်ရာမြို့နယ်များအလိုက် ဆောင်ရွက်သည့် လမ်း၊ တံတား၊ အဆောက်အအုံများ စံချိန်၊ စံညွှန်းပြည့်မီပြီးစီးရေး အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို အမရပူရမြို့နယ် နတ်ရေကန်ငါးလုပ်ငန်းစခန်း ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၈

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ်ရှိ နတ်ရေကန်ငါးလုပ်ငန်းစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးက ဘဏ္ဍာနှစ်အလိုက် ငါးသားပေါက်လျာထားချက်နှင့် ထုတ်လုပ်နေမှုအခြေအနေများနှင့် အခြေခံငါးမွေးမြူရေးနှင့်ဆေးထိုးသားပေါက်သင်တန်း ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။





ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နတ်ရေကန်ငါးလုပ်ငန်းစခန်းသည် အထက်မြန်မာပြည်တွင် အကြီးဆုံးဖြစ်သည့်အတွက် လျာထားချက်နှင့် ဟန်ချက်ညီအောင် ကြိုးစားစေလိုကြောင်း၊ ငါးကန်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ငါးသားပေါက်များကို ပုဂ္ဂလိကသို့ ဈေးနှုန်းချိုသာစွာ ရောင်းချဖြန့်ဖြူးနိုင်ရေးတို့ကို မှာကြားပြီး ငါးလုပ်ငန်းစခန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

နတ်ရေကန်ငါးလုပ်ငန်းစခန်းကို ၁၉၇၃–၁၉၇၄ ဘဏ္ဍာနှစ်မှစ၍ မြန်မာ့ရေလုပ်ငန်းက အာရှဖွံ့ဖြိုးရေးဘဏ်၏အကူအညီဖြင့် ငါးမွေးမြူရေးစီမံကိန်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး သက်တမ်းအားဖြင့် ၄၈ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ နတ်ရေကန်ကျေးရွာအနီး ဧရိယာအကျယ်အဝန်း ၁၅၈ ဒသမ ၂၄ ဧကရှိပြီး ငါးမွေးကန် ၃၃ လုံး၊ ရေပြင်ဧရိယာ ၈၄ ဒသမ ၄၀ ဧကရှိပြီး အဆင့်မြင့်ငါးမွေးမြူခြင်း စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းယောင်း၌ ရေညှိကြော်ဝယ်ယူစားသုံးသူ ပိုများလာပြီး တစ်ပိုင်တစ်နိုင် ရေညှိခြောက်ပြုလုပ်ရောင်းချသူများ မိသားစုအပိုဝင်ငွေရရှိ

မိုင်းယောင်း ဇန်နဝါရီ ၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ရေညှိကြော်ဝယ်ယူစားသုံးသူ ပိုများလာပြီး တစ်ပိုင်တစ်နိုင် ရေညှိခြောက်ပြုလုပ်ရောင်းချသူများ မိသားစုအပိုဝင်ငွေ ရရှိနေကြောင်း သိရသည်။

“ရေညှိဟာ နှစ်မျိုးရှိပါတယ်။ ချောင်းရေညှိနဲ့ ကန်ရေညှိဖြစ်ပါတယ်။ အခုဟာက ချောင်းရေညှိဖြစ်ပါတယ်။ ချောင်းရေညှိကို ချောင်းထဲမှာ ရှာဖွေရယူပြီး ရေသေချာဆေးကာ နေပူလှန်းရပါတယ်။ ခြောက်သွားပြီဆိုရင် မီးကင်ပြီး ချေရပါတယ်။ ရလာတဲ့ ရေညှိအမှုန့်ကို အသင့်ကြော်ထားတဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆား၊ ဟင်းခတ်မှုန့်အနည်းငယ်နဲ့ ဆီဆမ်းပြီး သမအောင်နယ်ပေးရပါတယ်။ အရသာကိုတော့ မိမိကြိုက်နှစ်သက်တဲ့ အနေအထားမှာထားပြီး ကောက်ညှင်းပေါင်း ပူပူနွေးနွေးနဲ့ စားသုံးနိုင်ပါတယ်။ ရေညှိခြောက်သုံးချပ်လျှင် ကျပ် ၅၀၀၊ အသင့်စားသုံးနိုင်ရန် ရေညှိကြော်တစ်ထုပ်လျှင် ကျပ် ၁၀၀၀ ရောင်းရပါတယ်။ ဒါ့အပြင် အခု ဆောင်းရာသီက အရမ်းအေးတော့ ဒီရက်ပိုင်း ရေညှိခြောက်ရောင်းရတာ အဆင်ပြေပါတယ်”ဟု ရေညှိခြောက်ပြုလုပ်ရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။



ဆောင်းရာသီကာလ ဒေသရိုးရာ အစားအစာတစ်မျိုးဖြစ်သော ရေညှိခြောက်ကို ယခင်က သက်ကြီးပိုင်းများသာ ဝယ်ယူစားသုံးကြပြီး ယခုအခါ လူငယ်များသာမက ဘုရားဖူးဧည့်သည်များကလည်း အရသာထူးကဲသော မိုင်းယောင်း ရေညှိခြောက်ကို ခံတွင်းတွေ့ကာ အထူးကြိုက်နှစ်သက်ကြသဖြင့် ဝယ်ယူစားသုံးသူ များပြားနေကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

■



# မိုးမောက်မြို့၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

မိုးမောက် ဇန်နဝါရီ ၈

ကချင်ပြည်နယ် မိုးမောက်မြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ယနေ့နံနက် ၇ နာရီက မြို့မဈေးရှေ့နှင့် ဈေးအတွင်း၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အသိပညာပေး**

ထိုသို့ ဖြန့်ဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် အသင်းဝင်များက နှာခေါင်းစည်း အခုရေ ၅၀၀ နှင့် တစ်ခါသုံးလက်အိတ် ၁၀၀ ကို မြို့နယ်အတွင်းရှိ လမ်းသွားလမ်းလာပြည်သူများနှင့် မြို့မဈေးအတွင်းရှိ ဈေးသည်၊ ဈေးဝယ် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်မဖြစ်ပွားရေး ကြိုတင်အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ယွမ်နှင့်ကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းလာမည့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး

မြင့်ဝေလှိုင်

မကြာသေးမီကာလ ၂၀၂၁ ခုနှစ်အတွင်းက တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည့် အမိန့်ကြော်ငြာချက်နှစ်ခုကို မြန်မာအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ ပထမတစ်ခုမှာ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ ရက်စွဲဖြင့် ဂျပန်ယန်းငွေနှင့်အတူ တရုတ်နိုင်ငံသုံး ယွမ်ငွေကို မြန်မာနိုင်ငံအတွင်း လိုင်စင်ရဘဏ်များနှင့် ငွေလဲကောင်တာများတွင် တရားဝင်ရောင်းဝယ်ဖောက်ကားခွင့်ပြုကြောင်း ဖော်ပြထားသည့်ကြေညာချက်ဖြစ်ပြီး ဒုတိယတစ်ခုမှာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ ရက်စွဲဖြင့် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေကို မြန်မာ-တရုတ်နယ်စပ်ဒေသတွင် တရားဝင်တိုက်ရိုက်အသုံးပြုပေးချေခွင့်ပြုလိုက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သောအမိန့်ကြော်ငြာချက်ပင်ဖြစ်သည်။

ပထမအမိန့်ကြော်ငြာစာအရ မြန်မာနိုင်ငံအတွင်းရှိ လိုင်စင်ရဘဏ်များနှင့် ငွေလဲကောင်တာများတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေကို တရားဝင် လဲလှယ်ရောင်းဝယ်နိုင်ပြီဖြစ်သဖြင့် ယခင်က အမေရိကန်ဒေါ်လာမှတစ်ဆင့် လဲလှယ်ရောင်းဝယ်ခြင်းလုပ်ရန် မလိုတော့ဘဲ ကျပ်နှင့်ယွမ်ငွေကို တိုက်ရိုက်လဲလှယ်ရောင်းဝယ်နိုင်ပြီဖြစ်သည်။ ပြောရလျှင် တရုတ်-မြန်မာ ဆက်သွယ်ဆက်ဆံရေးနှင့် ကုန်စည်များအတွက် ငွေရှင်းလင်းရာတွင် နှစ်ဖက်ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

စာရေးသူ၏ ကိုယ်တွေ့ဖြစ်စဉ်များအရ ပြောရလျှင် တရုတ်နိုင်ငံသို့သွားသည့်ခရီးစဉ်များ၌ တရုတ်နိုင်ငံတွင်သုံးမည့်ယွမ်ငွေကို မြန်မာပြည်တွင် တရားဝင်လဲလှယ်၍မရဘဲ အခက်တွေ့ခဲ့ရသည်။ တရုတ်ပြည်ရောက်မှ အမေရိကန်ဒေါ်လာကို ယွမ်နှင့်လဲပြီး အသုံးပြုခဲ့ရသည်။ အချိန်ကုန်ခံပြီး တကူးတက သွားလဲရသဖြင့် ခရီးစဉ်ကို အနှောင့်အယှက်ဖြစ်ရသည်။ ယခုမူ တရုတ်နိုင်ငံသို့ မည်သည့်အကြောင်းကိစ္စဖြင့် သွားရောက်ကြသည်ဖြစ်စေ ယွမ်ကို အဆင်ပြေစွာလဲယူသွားနိုင်ပြီဖြစ်သည်။

နောက်အမိန့်ကြော်ငြာစာအရ တရုတ်-မြန်မာနယ်စပ်ဒေသများတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေကို တရားဝင်တိုက်ရိုက် လဲလှယ်ပေးချေပြီး ရောင်းဝယ်နိုင်ပြီဖြစ်ရာ နယ်စပ်ဒေသကုန်သွယ်ရေး လုပ်ငန်းများတွင် များစွာထိရောက် အကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ အထူးသဖြင့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် နောင်တွင် ပိုမိုသွက်လက်ကာ ထိရောက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ယခင်က နယ်စပ်ကုန်သွယ်ရေးအတွက် ငွေပေးချေရာတွင် အမေရိကန်ဒေါ်လာမှတစ်ဆင့်သာ လဲလှယ်ပေးချေခွင့်ရခဲ့ရာ ယခုအခါ ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေခွင့်ရလိုက်သဖြင့် မြန်မာရော တရုတ်ကုန်သည်များပါ အထူးဝမ်းမြောက်ကျေနပ်ခဲ့ကြသည်။

၂၄-၁၂-၂၀၂၁ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပခဲ့သော မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုတွင် ယွမ်၊ ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေးဆိုင်ရာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ မြန်မာလုပ်ငန်းရှင် ဦးဇော်ဝင်းက မြန်မာ-တရုတ် နယ်စပ်တွင် ယွမ်၊ ကျပ်တို့ဖြင့် တိုက်ရိုက်ငွေပေးချေနိုင်ပြီဖြစ်သဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတမှုကြောင့် ဒေါ်လာငွေလဲလှယ်ဈေးနှုန်းများ အဆမတန်မြင့်တက်ခြင်းကို အထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဒေါ်လာငွေမှတစ်ဆင့်ခံ၍ အသုံးပြုစရာမလိုအပ်တော့ဘဲ အချိန်ကုန်သက်သာသည်နှင့်အမျှ Transaction Fees အကုန်အကျသက်သာသွားမည်ဖြစ်ပြီး Exchange Rate Risk များကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပို့ကုန်နှင့် သွင်းကုန်ကဏ္ဍနှစ်ရပ်လုံးတွင် Non-Tariff Barriers များကို အထိုက်အလျောက်ဖယ်ရှားနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့ရေးအတွက် Trade Facilitation များ၊ Trade Financing များကို ဆောင်ရွက်ရာတွင်လည်း လွယ်ကူသွားမည်ဖြစ်ကြောင်း၊ ထို့မှုမက တရားမဝင်ကုန်သွယ်မှုများကို ပပျောက်စေရန် ကြပ်မတ်တားဆီးရာတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် ယခုကဲ့သို့ တရားဝင်ဆောင်ရွက်ခွင့်ရရှိခဲ့သဖြင့် မိမိတို့ကုန်သည်များ၊ လုပ်ငန်းရှင်များအတွက် များစွာအဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

> **“မြန်မာ-တရုတ်နယ်စပ်တွင် ယွမ်၊ ကျပ်တို့ဖြင့် တိုက်ရိုက်ငွေပေးချေနိုင်ပြီဖြစ်သဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတမှုကြောင့် ဒေါ်လာငွေလဲလှယ်ဈေးနှုန်းများ အဆမတန်မြင့်တက်ခြင်းကို အထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဒေါ်လာငွေမှတစ်ဆင့်ခံ၍ အသုံးပြုစရာမလိုအပ်တော့ဘဲ အချိန်ကုန်သက်သာသည်နှင့်အမျှ Transaction Fees အကုန်အကျသက်သာသွားမည်ဖြစ်ပြီး Exchange Rate Risk များကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့မှုမက တရားမဝင်ကုန်သွယ်မှုများကို ပပျောက်စေရန် ကြပ်မတ်တားဆီးရာတွင်လည်း အထောက်အကူပြုနိုင်မည်ဖြစ်”**

အလားတူ တရုတ်နိုင်ငံ ကွမ်ရှီးတိုင်းရင်းသားလူမျိုးများတက္ကသိုလ်၊ အာဆီယံသုတေသနစင်တာ၊ သုတေသီ လျောက်ချွင်းယုံကလည်း “တရုတ်-မြန်မာ ကုန်သွယ်ရေးထဲမှာ ယွမ်ငွေပေးချေမှုကို တိုက်ရိုက်အသုံးပြုခြင်းရဲ့ အဓိကဦးတည်ချက်က မြန်မာနိုင်ငံအတွင်း ကူးစက်ရောဂါ ဖြစ်ပွားနေတဲ့ကာလအတွင်း စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်ပေးရုံတင်မကဘူး တရုတ်-မြန်မာ ကုန်သွယ်ရေးနဲ့ မြန်မာနိုင်ငံပြည်တွင်းစီးပွားရေးအရှည်အသွေးကို နိုးထလာစေဖို့ဖြစ်ပါတယ်။ ပြီးတော့ အနေအထားတစ်ခုအရ နယ်စပ်မှောင်ခိုဈေးကွက်ရဲ့ မြေအောက်ကုန်သွယ်ရေးတွေကို ထိုးနှက်နိုင်မှာဖြစ်ပြီး နယ်စပ်စီးပွားရေးစီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ လိမ်ညာမှုတွေအပေါ်မှာလည်း အပြုသဘောဆောင် ထိန်းကွပ်ကာကွယ်နိုင်မှာဖြစ်ပါတယ်”ဟု သုံးသပ်ပြောကြားခဲ့သည်။

ယူနန်ပြည်နယ် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ လျိုကွမ်းရှီးက “၂၀၀၉ ခုနှစ် ဇူလိုင်လပိုင်းကစပြီး ယွမ်ငွေကို အိမ်နီးချင်းနိုင်ငံတွေမှာ နိုင်ငံတကာအဆင့် ရောက်ရှိသုံးစွဲနိုင်ခြင်းနဲ့ ယွမ်ငွေ တောင်ဘက်သို့ထွက်ခွာခြင်းဆိုတဲ့ ဦးတည်ချက်ရဲ့ ကြီးမားတဲ့ခြေလှမ်း၊ ကြီးမားတဲ့အောင်မြင်မှုကြီးဖြစ်ပါတယ်။ ယူနန်နဲ့ မြန်မာအကြား ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု၊ ပြည်ပကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွေမှာ ယွမ်နဲ့ ကျပ် တိုက်ရိုက်ပေးချေနိုင်ခြင်းအားဖြင့် အကျိုးရှိမှုကို တိုးမြှင့်လာစေနိုင်မှာဖြစ်ပါတယ်”ဟု ဆိုသည်။

## ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေနိုင်ရေး လုပ်ငန်းစဉ်စတင်ခြင်း

မြန်မာကျပ်နှင့် တရုတ်ယွမ်ငွေတို့ နယ်စပ်ကုန်သွယ်ရေးများတွင် တရားဝင်လဲလှယ်ပေးချေနိုင်ရေးလုပ်ငန်းစဉ်သည် ၂၀၁၉ ခုနှစ်ကပင် နှစ်နိုင်ငံစတင်ဆောင်ရွက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နှင့် မြန်မာ တာဝန်ရှိသူများ ညှိနှိုင်းခဲ့ကြပြီးနောက် မြန်မာနိုင်ငံဗဟိုဘဏ်က ယွမ်ကို မြန်မာနိုင်ငံအတွင်း တရားဝင်ပေးချေနိုင်သည့်ငွေအဖြစ် ထည့်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံပြည်တွင်း၌ ယွမ်ငွေကို တရားဝင်လဲလှယ်ခွင့်ပြုခဲ့သည်။

နှစ်နိုင်ငံသဘောတူခြင်းဖြင့် ဖော်ဆောင်ခဲ့သော ယွမ်၊ ကျပ်ငွေတို့ဖြင့် ကနဦးပေးချေခြင်းတစ်ရပ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က မူဆယ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာ့ချည်ထည်ချုပ်လုပ်ရေးကုမ္ပဏီတစ်ခုက ကုန်စည်တင်ပို့ရာမှ ရရှိသည့် ပထမဆုံးစရန် တရုတ်ယွမ် ခြောက်သောင်းကို မူဆယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ ယွမ်ငွေအကောင့်ထဲသို့ငွေသွင်းပြီး လုပ်ငန်းစဉ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်တွင်လည်း လင်ချန်းပြည်ပကုန်သွယ်ရေးလုပ်ငန်း၊ ယူနန်လုံရှန့်ကုန်သွယ်ရေးကုမ္ပဏီတို့၏ ကုန်တင်ပို့မှုအတွက် ယူနန်ပြည်နယ်သယ်ဟုန်ဒေသ ICBC ဘဏ်သို့ငွေပေးချေခြင်းဖြင့် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုငွေပေးချေခြင်းကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

## တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများ

မြန်မာ-တရုတ် နယ်စပ်တွင် တရားဝင်ကုန်သွယ်ရေးစခန်းလေးခုရှိရာ ၎င်းတို့မှာ-

(၁) မူဆယ်-ရွှေလီစခန်း၊

(၂) ချင်းရွှေဟော်-လင်ချန်းစခန်း၊

(၃) ကန်ပိုက်တီး-ထိန်ချုံးစခန်း၊

(၄) လွယ်ဂျယ်-လုံ့ချွမ်စခန်းတို့ ဖြစ်ကြသည်။

မှတ်တမ်းများအရ မူဆယ်-ရွှေလီစခန်းကို ၁၂-၁-၁၉၉၈ ရက်တွင်လည်းကောင်း၊ လွယ်ဂျယ်-လုံ့ချွမ်စခန်းကို ၂၃-၈-၁၉၉၈ ရက်တွင်လည်းကောင်း၊ ချင်းရွှေဟော် - လင်ချန်းစခန်းကို ၁၉-၁၀-၂၀၀၃ ရက်တွင်လည်းကောင်း၊ ကန်ပိုက်တီး -ထိန်ချုံးစခန်းကို ၁-၈-၂၀၀၉ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ကုန်သွယ်ဖက်နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပထမရှစ်လတွင် တရားဝင်စာရင်းဇယားများအရ မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံခန့်ရှိခဲ့ပြီး တရုတ်-မြန်မာကုန်သွယ်မှုတန်ဖိုးသည် စုစုပေါင်းကုန်သွယ်မှု၏ သုံးပုံတစ်ပုံ (ကိုးဘီလီယံခန့်) ရှိကြောင်းသိရသည်။ ယင်းကိုးဘီလီယံခန့်၏ ထက်ဝက်ဖြစ်သော ၄ ဒသမ ၅ ဘီလီယံခန့်မှာ တရုတ်-မြန်မာ နယ်စပ်ဂိတ်များမှတစ်ဆင့် စီးဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တစ်နည်းအားဖြင့် နယ်စပ်ကုန်သွယ်ရေးသည် မြန်မာနိုင်ငံအတွက် အရေးပါကြောင်း ဖော်ညွှန်းလိုက်ခြင်းပင်ဖြစ်သည်။ ထိုနယ်စပ်ကုန်သွယ်ရေးစခန်းများတွင်လည်း မူဆယ်-ရွှေလီစခန်းမှတစ်ဆင့် ကုန်သွယ်မှုတန်ဖိုးသည် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှုတန်ဖိုး၏ ၈၃ ရာခိုင်နှုန်းရှိရာ စခန်းလေးခုအနက် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရသည်။ တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးအချက်အလက်များအရ ၂၀၂၁ ခုနှစ် ပထမခြောက်လအတွင်း မြန်မာ - တရုတ်ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၇ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်များကထက် ခုနစ်ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းသိရသည်။

## အများဆုံးကုန်သွယ်သောကုန်ပစ္စည်းများ

မှတ်တမ်းများအရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်သွင်းနေသော ကုန်ပစ္စည်းများမှာ ဆန်၊ ပဲအမျိုးမျိုး၊ နှမ်း၊ ပြောင်း၊ သစ်သီးဝလံ၊ လက်ဖက်ခြောက်၊ ရေထွက်ပစ္စည်း၊ ရော်ဘာ၊ ကျောက်မျက်ရတနာနှင့် တိရစ္ဆာန်ထွက်ပစ္စည်းတို့ဖြစ်ကြောင်း သိရသည်။ အလားတူ တရုတ်နိုင်ငံဘက်မှ အဓိကတင်သွင်းသော ကုန်ပစ္စည်းများမှာ စက်မှုပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓာတုကုန်ကြမ်းများ၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများဖြစ်ကြသည်။

## အကျိုးကျေးဇူးများ

ယွမ်နှင့် ကျပ်ငွေကို တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် တိုက်ရိုက်လဲလှယ်ပေးချေနိုင်ပြီဖြစ်ရာ အောက်ပါအကျိုးကျေးဇူးများကို ရရှိလာတော့မည်ဖြစ်သည်-

(၁) ယွမ်နှင့် ကျပ် တိုက်ရိုက်လဲလှယ်ပေးချေနိုင်ခြင်းနှင့်အတူ ကုန်သည်များအနေဖြင့် သက်ဆိုင်ရာဘဏ်များတွင် ယွမ်နှင့် ကျပ်ငွေအကောင့်များဖွင့်လှစ်နိုင်ခြင်း၊ ငွေလွှဲရာတွင် ပိုမိုလွယ်ကူခြင်း၊

(၂) ယခင်ကကဲ့သို့ ငွေလဲရာတွင် ရာခိုင်နှုန်းပေးရန် မလိုအပ်တော့ခြင်း၊

(၃) အမေရိကန်ဒေါ်လာ ကြားခံမရှိတော့သဖြင့် ဒေါ်လာဈေး အတက်၊ အကျကြောင့် ထိခိုက်နစ်နာမှုများကို လျှော့ချနိုင်ခြင်း၊

စာမျက်နှာ ၁၁ သို့ ✻

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၈**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်ရှိ မဟာမူလကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ မဟာစန္ဒာရုံကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ တန်းတောင်ဘုန်းတော်ကြီးကျောင်းတိုက်၊ စစ်တွေမြို့ရှိမောင်နီပြင်ဘုန်းတော်ကြီးကျောင်းတိုက်၊ တောင်ကုတ်မြို့ရှိ မဟာသန္တိသုခတပ်ဦးကျောင်းတိုက်၊ ဘူးသီးတောင်မြို့ရှိ ရတနာအောင်သိဒ္ဓိကျောင်းတိုက်၊ ပြင်ရှည်ကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်၊ မြောက်ဦးမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်နှင့် နတ်တောင်ဘုန်းတော်ကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သာစည်ရပ်ကွက်ရှိ သာသနဓမ္မသုခကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နဂါးပရိယတ္တိစာသင်တိုက်တို့ရှိ ဆရာတော်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သာစည်ရပ်ကွက် သာသနဓမ္မသုခကျောင်းတိုက်ရှိ သံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ စာမျက်နှာ ၁၀ မှ

(၄) ကုန်သွယ်မှုဆိုင်ရာ စာရင်းအချက်အလက် ပြည့်စုံတိကျစွာနှင့် နိုင်ငံတော်က အခွန်ငွေ ပိုမိုရရှိနိုင်ခြင်း၊

(၅) တရားမဝင်ကုန်သွယ်မှုများ လျော့နည်းသွားနိုင်ခြင်း၊

(၆) နယ်စပ်ကုန်သွယ်ရေးများ ပိုမိုချောမွေ့လာသည်နှင့်အမျှ နှစ်နိုင်ငံကုန်သည်များ ကုန်ပစ္စည်းတင်ပို့မှု ပိုမိုမြင့်မားလာပြီး ကုန်သွယ်မှုပမာဏလည်း မြင့်မားလာနိုင်ခြင်း၊

(၇) ငွေကြေးစီးဆင်းမှု ပိုမိုလွယ်ကူအဆင်ပြေသဖြင့် ကုန်ပစ္စည်းများတင်ပို့ရာတွင် အချိန်ကုန်သက်သာပြီး စောင့်ဆိုင်းရခြင်းများ လျော့နည်းကာ အထူးသဖြင့် သစ်သီးဝလံများ အရည်အသွေးကျခြင်း၊ စွန့်ပစ်ရခြင်းဘေးမှလျော့နည်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်မှုတွင် သက်ဆိုင်ရာနိုင်ငံငွေကြေးဖြင့် ပေးချေနိုင်ခြင်းက ပို၍သင့်မြတ်လှပေသည်။ ကုန်သွယ်စီးပွားလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ လွှမ်းမိုးမှုကြီးမားလာသည်နှင့်အမျှ နိုင်ငံအလိုက် လူမှုစီးပွားဘဝကို အနည်းနှင့်အများ ထိခိုက်နိုင်ပေသည်။ ထို့ကြောင့် ဥရောပနိုင်ငံများတွင် အမေရိကန်ငွေကြေးနှင့် အမေရိကန်စီးပွားရေးစက်ကွင်းမှ လျော့ပါးကင်းဝေးနိုင်ရန် ယူရိုငွေကြေးကို တီထွင်အသုံးပြုခဲ့ခြင်းဖြစ်ပေသည်။

အချုပ်ဆိုရသော် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ထာဝရဆွေမျိုးပေါက်ဖော်အိမ်နီးချင်း၊ မြန်မာနိုင်ငံ၏ ကြီးမားသောကုန်သွယ်ဖက်နိုင်ငံ၊ ဖွံ့ဖြိုးပြီး နိုင်ငံကြီးတစ်ခုဖြစ်ရာ ယခုကဲ့သို့ နှစ်နိုင်ငံငွေကြေးဖြစ်သော တရုတ်ယွမ်နှင့် မြန်မာကျပ်ငွေကို နှစ်နိုင်ငံကုန်သွယ်ရာတွင် တိုက်ရိုက်ပေးချေနိုင်ခြင်းဖြင့် အနာဂတ်တွင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအကျိုးဖြစ်ထွန်းလာမည့်အပြင် မြန်မာ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုလာမည်ဟု မျှော်လင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကားချက်**

**– နိုင်ငံပိုင်သတင်းစာများ**

**– CRI သတင်းဌာနမှ သတင်းအချက်အလက်များ**

---

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၈-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection– Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့**
**မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**



# မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးကျင်းပမည်

**ဂျီနီဗာ ဇန်နဝါရီ ၈**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုနှင့် စပ်လျဉ်း၍ လာမည့် သီတင်းပတ်အတွင်း အရေးပေါ်အစည်းအဝေး ကျင်းပရန် စီစဉ်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံအပါအဝင် နိုင်ငံပေါင်းငါးနိုင်ငံက မြောက်ကိုရီးယား ဒုံးကျည်ပစ်လွှတ်မှုနှင့် စပ်လျဉ်း၍ အရေးပေါ်အစည်းအဝေး ကျင်းပပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂသံတမန်ရေးဆိုင်ရာ သတင်းရပ်ကွက်က ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးပေါ်အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသွားဖွယ်ရှိကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သည့်ရက်ပိုင်းက အသံထက်မြန်သော ဒုံးကျည်ကို စမ်းသပ် ပစ်လွှတ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိအာဏာရပါတီပိုင် သတင်းစာ Rodong Sinmun က ဇန်နဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံ၏ အဆိုပါ ဒုံးကျည်ပစ်လွှတ်မှုသည် ပွဲထိန်းဒုံးကျည် နည်းပညာကို အသုံးပြုခဲ့ခြင်းဖြစ်သောကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က ပြောကြားခဲ့သည်။



### ကန့်ကွက်

ပြီးခဲ့သည့်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင်လည်း မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် အနောက်နိုင်ငံများက မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုနှင့် စပ်လျဉ်း၍ ပြစ်တင်ရှုတ်ချရန် တောင်းဆိုခဲ့သော်လည်း တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ကန့်ကွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**



# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၁ ဒသမ ၂၁ ဘီလီယံကျော်ရှိ

**ပေကျင်း ဇန်နဝါရီ ၈**

တရုတ်နိုင်ငံ၌ ပြည်သူ ၁ ဒသမ ၂၁ ဘီလီယံကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ဇန်နဝါရီ ၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံ၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် ဇန်နဝါရီ ၇ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၈၉ ဘီလီယံနီးပါးအသုံးပြုခဲ့ပြီး တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ မီဖန်းက ပြောကြားသည်။

ပြီးခဲ့သည့်တစ်ပတ်အတွင်းက ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၉ သန်းနီးပါးရှိကြောင်းနှင့် တရုတ်နိုင်ငံတွင်လည်း ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်မှုနှင့် ရင်ဆိုင်နေရကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ မီဖန်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၅၀ ရှိလာ

**ဖနောင်ပင် ဇန်နဝါရီ ၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ဇန်နဝါရီ ၇ ရက်တွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇ ဦး ထပ်မံတွေ့ရှိပြီးနောက် နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၅၀ ရှိလာကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အသစ်ထပ်မံတွေ့ရှိသည့် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇ ဦးစလုံးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် လက်ရှိအချိန်အထိ ပြည်တွင်း၌ ကူးစက်ခံရသည့် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ မရှိသေးကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ ၁၆ သန်းရှိသည့်အနက် လူဦးရေ ၁၄ ဒသမ ၂၈ သန်း သို့မဟုတ် နိုင်ငံလူဦးရေ၏ ၈၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် ၁၃ ဒသမ ၆၈ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ ၂၄ ရာခိုင်နှုန်း သို့မဟုတ် ၃ ဒသမ ၈၅ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအစုမှာ တရုတ်နိုင်ငံထုတ် Sinovac နှင့် Sinopharm ဆေးများဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ ပါပူယာပြည်နယ်၌ ရေကြီးမှုနှင့်မြေပြိုမှုများဖြစ်ပွား

**ဂျကာတာ ဇန်နဝါရီ ၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းပါပူယာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ရေကြီးမှုများနှင့်မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

ပါပူယာပြည်နယ် ဂျာရာပူရာမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများ၌ ဇန်နဝါရီ ၆ ရက်မှစတင်သော မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီကပြောကြားသည်။

အဆိုပါဖြစ်စဉ်များအတွင်း လူ ခြောက်ဦးသေဆုံးပြီး ဒေသခံ ၅၀၀ ခန့်မှာ မိမိတို့၏နေအိမ်များမှ စွန့်ခွာခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်၌ ရေကြီးမှုဒဏ်ခံစားနေရသော ဒေသများရှိ ဒေသခံများအား ဘေးလွတ်ရာသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးခဲ့ပြီး မြေပြိုမှုများအတွင်း ပိတ်မိနေသော ဒေသခံများကိုလည်း ကယ်ဆယ်လျက်ရှိကြောင်း သိရသည်။



လက်ရှိအချိန်၌ ရေလွှမ်းမိုးမှုများမှာ အတန်အသင့်လျော့နည်းသွားသော်လည်း အဆိုပါဒေသများ၌ လျှပ်စစ်မီးပြတ်တောက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ အအေးဓာတ်လွန်ကဲမှုကြောင့် ခရီးသွား ၁၆ ဦးထက်မနည်း သေဆုံး

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၈**

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း မူရီးဒေသ၌ ခရီးသွားများ၏ မော်တော်ယာဉ်အများအပြား ဆီးနှင်းခဲများအတွင်း သောင်တင်ခဲ့ပြီးနောက် ခရီးသည် ၁၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

မူရီးဒေသမှ အပြန်ခရီးလမ်း၌ လမ်းများပေါ်တွင် ဆီးနှင်းများ အလွန်အမင်း ကျဆင်းမှုကြောင့် မော်တော်ယာဉ်ထောင်နှင့်ချီ သောင်တင်ခဲ့ပြီး အအေးဓာတ်လွန်ကဲမှုကြောင့် ခရီးသွား ၁၆ ဦးထက်မနည်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရှိတ်ခ်ရာရှစ်အာမက်က ပြောကြားသည်။



အလွန်အေးခဲသော ရာသီဥတုအခြေအနေတွင် သောင်တင်နေသော မော်တော်ယာဉ်များပေါ်ရှိ ခရီးသွားများကို စောင်များပံ့ပိုးပေးကြရန်လည်း ဒေသခံများအား ပြည်ထဲရေးဝန်ကြီးက တောင်းဆိုထားသည်။ ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် မော်တော်ယာဉ်အများအပြားကိုလည်း ဆီးနှင်းများက ဖုံးလွှမ်းသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်ရှိအချိန်၌ မူရီးဒေသသို့ ဆက်သွယ်သည့် ကားလမ်းကိုလည်း ပိတ်ထားကြောင်း သိရသည်။ သောင်တင်နေသော လူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရန် ပါကစ္စတန်အရန်တပ်ဖွဲ့ဝင်များအား ခရိုင်အုပ်ချုပ်ရေးရုံးက တောင်းဆိုထားသည်။

မြို့တော်အစ္စလမ္မာဘတ်မှ အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာတွင်တည်ရှိသော မူရီးဒေသ၏ ရှုခင်းသာ အပန်းဖြေစခန်းသည် နှစ်စဉ်ဆောင်းရာသီတွင် ခရီးသွားထောင်နှင့်ချီ၍ ဆွဲဆောင်လျက်ရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# အိန္ဒိယနိုင်ငံ၌ မေလနောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုစံချိန်တင်

**နယူးဒေလီ ဇန်နဝါရီ ၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၉၈၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မေလနောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုစံချိန်တင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၅၃၆၈၃၇၂ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ယင်းသို့ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းကျော်ရှိခဲ့သည်မှာ နှစ်ရက်ဆက်တိုက် ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၅ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၈၃၄၆၃ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၄၇၂၁၆၉ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၄၀၈၉၅ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၄၄၁၂၇၄၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများရှိနေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည်လည်း စုစုပေါင်း ၃၀၇၁ ဦး ရှိလာကြောင်း၊ ယင်းအရေအတွက်အနက် မဟာရက်ရှ်ထရာ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၇၆ ဦးနှင့် နယူးဒေလီ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁၃ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉ ဒသမ ၉၇ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဇန်နဝါရီ ၈**

အာဖရိကတိုက်၌ ဇန်နဝါရီ ၇ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၉၇၇၂၉၁ ဦး ရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၀၇၄၃ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၈၈၇၈၅၆၉ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာက ပြောကြားသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် အာဖရိကတိုက်တစ်ဝန်း အဆိုပါရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း၏ ၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၅၀၄၅၅၄ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၈၃၆၂၃ ဦးရှိကြောင်းနှင့် တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၃၅၉၇၃ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၃၅ ဒသမ ၆၁ သန်းကျော် အသုံးပြုပြီးဖြစ်

**အန်ကာရာ ဇန်နဝါရီ ၈**

တူရကီနိုင်ငံ၌ တတိယအကြိမ်အပိုဆောင်းထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၃၅ ဒသမ ၆၁ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။ တူရကီနိုင်ငံ၌ လူဦးရေ ၅၇ ဒသမ ၀၆ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း နှင့် ၅၁ ဒသမ ၈၄ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၂၁၄ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၉၈၅၀၄၈၈ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁၅၇ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၉၁၉၇ ဦးရှိလာကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၀၃၉၉၃၃၀၆ | ဦး |
| သေဆုံးသူ | ၅၄၉၉၃၈၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၅၈၄၁၃၄၁၄ | ဦး |

# သြစတြေးလျနိုင်ငံရှိ ပြည်နယ် သုံးခု၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်

**ဆစ်ဒနီ ဇန်နဝါရီ ၈**

သြစတြေးလျနိုင်ငံရှိ ပြည်နယ်သုံးခု၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားသော နယူးဆောက်ဝေးပြည်နယ်တွင် ယနေ့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၅၀၉၈ ဦး စံချိန်တင်တွေ့ရှိရကြောင်း သိရသည်။ အဆိုပါပြည်နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန်အတွက် ညကလပ်များတွင် လူစုလူဝေးဖြင့် သီဆိုကခုန်ခြင်းကို ပိတ်ပင်ထားကြောင်း သိရသည်။ နယူးဆောက်ဝေးပြည်နယ်တွင်လက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းအား ထိန်းချုပ်ရာတွင် ပေါ့လျော့မှုများရှိနေကြောင်း ဝေဖန်သူများက ပြောကြားသည်။ နယူးဆောက်ဝေးပြည်နယ်၌ ယမန်နှစ်ဒီဇင်ဘာလအတွင်းက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ရာမှ ပြည်နယ်အတွင်း အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်လာခြင်းဖြစ်ကြောင်း သြစတြေးလျဆေးဝါးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ခရစ်မွိုင်က ပြောကြားသည်။

လက်ရှိအချိန်၌ ဗစ်တိုးရီးယားပြည်နယ်တွင်ယမန်နေ့က ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၂၁၇၂၈ဦးရှိခဲ့ရာမှ ယနေ့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၃၅၆ ဦးရှိကြောင်းနှင့်ကွင်းစလန်းပြည်နယ်၌ ယနေ့ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၇၄ ဦး အသီးသီးရှိကြောင်း သိရသည်။ သြစတြေးလျဝန်ကြီးချုပ်ဟောင်း မက်လကွန် တမ်းဘဲလ်နှင့် ဘဏ္ဍာရေးဝန်ကြီး ဂျော့ရှ်ဖလိုင်ဒင်ဘတ်တို့တွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း ၎င်းတို့က တွစ်တာမှတစ်ဆင့် ပြောကြားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၂၇၈ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇန်နဝါရီ ၈**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၂၇၈ ဦး ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၆၂၅၄ ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်၍ ၂၄ ဦးမှာ ပြည်ပမှပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်။

နိုင်ငံ၏မြို့တော် ဟနွိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၂၃ ဦးတွေ့ရှိရပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အများဆုံးဖြစ်ကာ နိုင်ငံမြောက်ပိုင်းရှိ ဟိုင်ပေါင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၉၅ ဦးနှင့် အလယ်ပိုင်း ခန်းဟိုပြည်နယ်၌ ၇၉၀ တို့ကို အသီးသီးတွေ့ရှိခဲ့သည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၅၉၈၄၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၃၈၇၇ ဦးရှိကာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၄၇၉၀၄၈ ဦး ရှိသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၅၇ ဒသမ ၇ သန်းကို အသုံးပြုထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ် ရွာကုန်းကျေးရွာမှ ကျောင်းထိုင်ဆရာတော်နှင့် ဖခင်ဖြစ်သူတို့ကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇန်နဝါရီ ၈**

အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် ထုတ်ပြန်ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရက်ရက်စက်စက် သတ်ဖြတ်မှုကြောင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာကုန်းကျေးရွာရှိ ဆရာတော် တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ဆရာတော်၏ ဖခင်ဖြစ်သူတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် ရွာကုန်းကျေးရွာရှိ မဟာနန္ဒီမကျည်းတောကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သည့် ကျောင်းထိုင်ဆရာတော် ဉူးခေမာသာရ(၄၈)နှစ် ဝါတော်(၂၀)နှင့် ဖခင်ဖြစ်သူ ဦးလှပြုံးတို့နှစ်ဦးသည် ကျောင်းတိုက်၌ရှိစဉ် ဇန်နဝါရီ ၇ ရက် ည ၇ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက် သမားများရောက်ရှိလာပြီး လက်နက်ငယ် များဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် ဆရာတော်နှင့် ဖခင်ဖြစ်သူတို့အား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ အနေဖြင့် မြန်မာနိုင်ငံသား အများစု ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာ၏ ရဟန်းသံဃာများကို ယခုကဲ့သို့ သတ်ဖြတ်နေမှုများအား ပြည်သူတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြရန် လိုအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၆ ရက်တွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် မဲလက်မောင်းကျေးရွာအနီး စစ်တွေ-အမ်း ကားလမ်းတွင် တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးရာ ယာဉ်နှစ်စီးပေါ်မှ တောင်သရက်ခွဲသား ၄ ဒသမ ၂၇ တန်အား စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



ထို့အတူ ယနေ့တွင် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း သွင်းကုန် ယာဉ်ငယ်စစ်နေရာတွင် ပူးပေါင်းအဖွဲ့မှစစ်ဆေးခဲ့ရာ ယာဉ်အမှတ် 8J-8801 ပေါ်မှ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ၁၉၅ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များက သတင်းအရ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများအား ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင်ကျွန်းသစ် ၂၄ တန်၊ သစ်မာ ခြောက်တန်နှင့် အခြားသစ် ၂၉ တန် စုစုပေါင်း သစ်မျိုးစုံ ၅၉ တန်ကို သိမ်းဆည်းရမိခဲ့သည်။

သို့ပါ၍ ဇန်နဝါရီ ၆ ရက်တွင် ရခိုင်ပြည်နယ်မှ သစ် ၄ ဒသမ ၂၇ တန်၊ ယနေ့တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ အမှုတွဲ တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) နှင့် ပဲခူးတိုင်းဒေသကြီးမှ သစ်မျိုးစုံ ၅၉ တန်အား သိမ်းဆည်းရမိခဲ့ပြီး အမှုတွဲဖွင့်လှစ်ခဲ့ကာ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်လျက် ရှိကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြိတ်၊ သာကေတ၊ နမ့်စန်နှင့် တောင်ကြီးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် နတ်စင်လမ်းနေ မြင့်ဝေ (ခ)ဝတုတ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာကေတမြို့နယ် အမှတ်(၃) ရန်ပြေရပ်ကွက် ရန်အောင်လမ်းတွင် မိုးထက်နိုင်(ခ)မိုးလေးမောင်းနှင်ပြီး စိုးလင်းဖြိုး(ခ)ကိုဖြိုးလိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ မိုးထက်နိုင်(ခ)မိုးလေး၏ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် နောင်ဟီးကျေးရွာအုပ်စု ကုန်းဆာကျေးရွာနေ စိုင်းလှိုင်ခမ်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် အေးသာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၂)ရပ်ကွက်တွင် မလှကြီးကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



# သာသနာ့အရေခြုံကာ သံဃာ့ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းမရှိဘဲ သာသနာညှိုးနွမ်းစေရန် လုပ်ဆောင်ခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ပြည်တော်သာကျောင်းတိုက်မှ ဦးဇဝန(ခ)ဇာနည်ကိုကိုအား ဖမ်းဆီးရမိ




Ashin Zawana Facebook Account Profile ပုံနှင့် ၎င်း၏ဓာတ်ပုံ



ဦးဇဝန(ခ)ဇာနည်ကိုကို အပါအဝင် တရားခံ ၁၄ ဦး ဖမ်းဆီးရမိသည့် ချမ်းမြသာစည်မြို့နယ်ရှိ ဇော်မျိုးအောင်၏ နေအိမ်။









**နေပြည်တော် ဇန်နဝါရီ ၈**

သာသနာ့အရေခြုံကာ သံဃာ့ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းမရှိဘဲ သာသနာညှိုးနွမ်းစေရန် လုပ်ဆောင်ခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ပြည်တော်သာကျောင်းတိုက်မှ ဦးဇဝန(ခ) ဇာနည်ကိုကိုအား သာသနာညှိုးနွမ်းအောင် ပူးပေါင်းပါဝင်သူ ၁၃ ဦးနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

**သံဃာ့ဝိနည်းနှင့် မညီ**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ပြည်တော်သာ ကျောင်းတိုက်ဆရာတော် ဦးဇဝနက ၎င်း၏ မွေးနေ့ပွဲပြုလုပ်မှုကို Ashin Zawana Facebook Account ၌ ရုပ်သံဖိုင် Live ထုတ်လွှင့်သည်။ ယင်းရုပ်သံဖိုင်တွင် ဦးဇဝနသည် သာမန်လူပုဂ္ဂိုလ်များကဲ့သို့ မွေးနေ့ပွဲကို ကျင်းပပြုလုပ်ခဲ့သည့်အပြင် ၎င်းကို ကိုးကွယ်သူများက နမ်းခြင်း၊ မွေးနေ့သီချင်းများ သီဆိုခြင်း၊ အရက်သေစာ သောက်စားခြင်း၊ ကခုန်ခြင်းများ ပြုလုပ်ခဲ့မှုသည် သံဃာ့ဝိနည်းနှင့် မညီသည့်အပြင် သာသနာညှိုးနွမ်းစေနိုင်သည့် လုပ်ဆောင်မှုများဖြစ်သောကြောင့် ဖြစ်စဉ်မှန် ပေါ်ပေါက်စေရေး ဇန်နဝါရီ ၃ ရက်တွင် ဦးဇဝန(ခ)ဇာနည်ကိုကို အား ၎င်းမွေးနေ့ပွဲ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁) ရပ်ကွက် ၇၁ လမ်းနှင့် ၁၀၂(A)လမ်းထောင့်ရှိ ဇော်မျိုးအောင်၏နေအိမ်၌ ဇော်မျိုးအောင် အပါအဝင် သာသနာညှိုးနွမ်းအောင် ပူးပေါင်းပါဝင်သူ ၁၃ ဦးနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ ဦးဇဝန(ခ)ဇာနည်ကိုကိုသည် Ashin Zawana Facebook Account ဖြင့် ဆူပူဆန္ဒပြမှုများကို အားပေးထောက်ခံရေးသားခြင်း၊ ဝန်ထမ်းများ CDM တွင် ပါဝင်လာစေရေး လှုံ့ဆော်ရေးသားခြင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် မမှန်သတင်းရေးသားခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

**အလှဓာတ်ပုံများရိုက်ကူး**

ဦးဇဝန(ခ)ဇာနည်ကိုကိုသည် သံဃာတော်များ အသုံးပြုရန် သင့်တော်ခြင်းမရှိသော တန်ဖိုးကြီးဖိနပ်၊ လက်ကိုင်အိတ်၊ မျက်မှန်၊ တောင်ဝှေး စသည့် သာမန်လူပုဂ္ဂိုလ် အသုံးအဆောင်ပစ္စည်းများ ဝတ်ဆင်အသုံးပြုခဲ့ကြောင်း၊ ၎င်းအသုံးအဆောင်များဖြင့် အလှဓာတ်ပုံများ ရိုက်ကူးကာ သံဃာ့ဝိနည်းအား လိုက်နာခြင်းမရှိဘဲ Facebook တွင် Post တင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း။

**လောင်းကစားခြင်းများဆောင်ရွက်ခဲ့**

ဦးဇဝန(ခ)ဇာနည်ကိုကို သည် ဘာသာရေးအရေခြုံ၍ လောင်းကစား ပြုလုပ်သူများကို အကြံဉာဏ်ပေးခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ကိုယ်တိုင် နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အလှူရှင်များထံမှ ရရှိသည့် အလှူငွေများအတွင်းမှ ငွေကျပ်သိန်း ၈၀၀ ကို နှစ်လုံးထီ၊ သုံးလုံးထီနှင့် ဘောလုံးပွဲ လောင်းကစားပြုလုပ်ရာ၌ ငွေကြေးလိုအပ်နေသည့် ဇော်မျိုးအောင်ထံ ချေးငှားပေး၍ တရားမဝင် လောင်းကစားလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း၊ ဇော်မျိုးအောင်သည် ၎င်း၏နေအိမ်တွင် ဦးဇဝန(ခ) ဇာနည်ကိုကို၏မွေးနေ့ပွဲအား ဦးစီးကျင်းပပေးခြင်း၊ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားဒိုင်လုပ်ကိုင်ခြင်း၊ ၎င်း၏ နေအိမ်များအား ဘဏ်များတွင် ပေါင်နှံခဲ့ရာမှ ပြန်လည်ပေးဆပ်နိုင်မှုမရှိသည့်အတွက် တရားစွဲဆိုခြင်းခံထားရသူဖြစ်ကြောင်း၊ ဦးဇဝနနှင့် ပူးပေါင်း၍ ငွေကြေးလိမ်လည်ထားသူဖြစ်ကြောင်း သိရသည်။



ဦးဇဝန(ခ)ဇာနည်ကိုကို



ဇော်မျိုးအောင်

စိစစ်ချက်များအရ ဦးဇဝန(ခ) ဇာနည်ကိုကိုသည် လိင်တူဆက်ဆံခြင်းကို ဝါသနာပါသူ တစ်ဦးဖြစ်ကြောင်း တွေ့ရှိရပြီး ၂၀၀၂ ခုနှစ်တွင် ကိုရင်ဘဝမှ ၂၀၂၁ ခုနှစ်အထိ ၎င်းနှင့် ရင်းနှီးကျွမ်းဝင်သူ ကပ္ပိယ လူငယ် ငါးဦးနှင့် လိင်တူဆက်ဆံခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

ဦးဇဝန(ခ)ဇာနည်ကိုကို သည် သာသနာ့အရေခြုံကာ သံဃာ့ဝိနည်းနှင့် မညီသော လောင်းကစားမှု ပြုလုပ်ခြင်း၊ သဘာဝနှင့်ဆန့်ကျင်၍ လိင်တူဆက်ဆံခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် သွေးထိုးလှုံ့ဆော်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ဘာသာ သာသနာညှိုးနွမ်းစေရန် ပြုလုပ်ခဲ့သည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅၊ ၅၀၅-က၊ လောင်းကစားဥပဒေတို့ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများက မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာမူလတန်းကျောင်းတို့အား လက်လုပ်မိုင်းများအသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၈**

PDFအမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အနာဂတ် လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော ပညာရေးဆိုင်ရာရုံး/ဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိရာ ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် (၃၆)လမ်းရှိ မြို့နယ်ပညာရေးမှူးရုံးအား ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အသုံးအဆောင်ပစ္စည်းအချို့ ပျက်စီးခဲ့သည်။

**လက်လုပ်မိုင်းနှစ်လုံးဖြင့် ဖောက်ခွဲခဲ့**

အလားတူ မွန်းလွဲ ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းရှေ့၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်း နှစ်လုံးဖြင့် ဖောက်ခွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် ဦးအောင်သူ(၃၂)နှစ်(ဘ)ဦးထွန်းရှင်တွင် ဝဲ/ယာမျက်လုံးအနီး မိုင်းစထိမှန်ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်မိုင်းစထိမှန်ဒဏ်ရာတစ်ချက်၊ ဝဲလက်ဖျံမိုင်းစထိမှန်ဒဏ်ရာတစ်ချက်တို့ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာအား အသေးစိတ်စစ်ဆေးခဲ့ရာ ဒန်အိုးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးတို့ကို ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





မန္တလေး တိုင်းဒေသကြီး မဟာအောင်မြေ မြို့နယ်၌ လက်လုပ်ဗုံးပေါက်ကွဲမှု။



စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ လက်လုပ်မိုင်း ပေါက်ကွဲမှု။

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုများကြောင့် ဓာတ်အားလိုင်းတာဝါတိုင်များ ပျက်စီးဆုံးရှုံးခဲ့ရ

**နေပြည်တော် ဇန်နဝါရီ ၈**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တာဝါတိုင်များအား မိုင်းခွဲဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းကြောင့် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ တကောင်းနီကယ်စက်ရုံ၏ အရှေ့ဘက်တွင် ပေါက်ကွဲသံကြားခဲ့ရပြီး လျှပ်စစ်မီးလိုင်းများ ပြတ်တောက်သွားခဲ့သည်။ အဆိုပါ စက်ရုံသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စက်ရုံအနီးတစ်ဝိုက်တွင် ပေါက်ကွဲပျက်စီးမှု မတွေ့ရှိရဘဲ ၂၂၀ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက်ရှိ တာဝါတိုင်များအား စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၃ နာရီခန့်တွင် မိုင်းခွဲဖျက်ဆီးခြင်းခံထားရသည့် တိုင်အမှတ် T-၂၄၅ နှင့် T-၂၄၄ တို့တွင် အောက်ခြေမှ ကျိုး၍လဲကျနေကြောင်းနှင့် တိုင်အမှတ် T-၂၄၃ တွင် အောက်ခြေတိုင်များ တိမ်းစောင်းပြတ်ထွက်ပျက်စီးနေကြောင်း တွေ့ရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်များ ပျက်စီးခဲ့ရပြီး လျှပ်စစ်မီးများပြတ်တောက်ခဲ့ကြောင်း၊ စက်ရုံလည်ပတ်မှုမရပ်တန့်စေရေးနှင့် လျှပ်စစ်မီးလိုင်းများ ပြန်လည်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာမှ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိုင်းထောင်ဖောက်ခွဲထွက်ပြေးလျက်ရှိသော PDF အမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ထီးချိုင့်မြို့နယ်၌ တကောင်းနီကယ်စက်ရုံသို့ ဆက်သွယ်ထားသော လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်များ မိုင်းခွဲခံရသည့် မှတ်တမ်းဓာတ်ပုံ**



တာဝါတိုင်အမှတ် T-၂၄၃



တာဝါတိုင်အမှတ် T-၂၄၄



တာဝါတိုင်အမှတ် T-၂၄၅

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**မြဝတီ ဇန်နဝါရီ ၈**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်လက်ခံလျက်ရှိရာ ယနေ့တွင် ပြန်လည်ဝင်ရောက်လာသူ ၂၂၁ ဦးရှိကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများ အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ မြဝတီမြို့ရှိ သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စခန်းများသို့ ပို့ဆောင်ပြီး ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိစစ်ဆေးဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အမျိုးသား ၁၃၃ ဦးနှင့် အမျိုးသမီး ၈၈ ဦး စုစုပေါင်း ၂၂၁ ဦးရှိကြောင်း သိရသည်။ **မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်း၌ ဆောင်းရာသီကာလ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကား

**ကျိုင်းတုံ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်း၌ ဆောင်းရာသီကာလ ယခုတစ်ပတ်အတွင်း လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

"ကျွန်တော်တို့ကျိုင်းတုံမြို့ ကျိုင်းဖောင်းရေပူစမ်းမှာ ဒီနှစ်ဆောင်းရာသီကာလမှာ လာရောက်လည်ပတ်အပန်းဖြေသူတွေ ယခင်နှစ်တွေထက် ပိုမိုစည်ကားပြီးတော့ ရေပူစမ်းမှာ ဈေးရောင်းချသူတွေလည်း ဈေးရောင်းကောင်းတာတွေ့ရတယ်။ အခုလို ပြည်သူတွေ စိတ်အေးချမ်းစွာ လာရောက်အပန်းဖြေတာတွေ့ရတော့ ကျိုင်းတုံမြို့နေပြည်သူတစ်ယောက်အနေနဲ့ဝမ်းသာပီတိ ဖြစ်ရပါတယ်" ဟု လာရောက်လည်ပတ်သူ တစ်ဦးက ပြောကြားသည်။

အဆိုပါ ရေပူစမ်းအပန်းဖြေစခန်းသည် ကျိုင်းတုံ-တောင်ကြီး ကားလမ်းဘေး၊ ကျိုင်းဖောင်းချောင်းအနီးတွင် တည်ရှိပြီး သဘာဝအလျောက်တည်ရှိသော ရေပူစမ်းတစ်ခုဖြစ်ပြီး တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အများပြည်သူများ အခမဲ့ လာရောက်အပန်းဖြေစေရန် ဆောင်ရွက်ထားရှိကာ ဒေသထွက် အစားအစာများ ရောင်းချခြင်း၊ သဘာဝရေပူစမ်းဖြင့် ရေချိုးခန်းများ ဆောင်ရွက်ထားရှိပေးခြင်းကြောင့် ယခု ဆောင်းရာသီ ဒီဇင်ဘာလတွင် အဆိုပါ ရေပူစမ်းကွင်းပြင်ရှိ မြက်ခင်းပြင်၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီးပါသည်။

၂



တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။

၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထား ရှိမည်ဖြစ်ပါသည်။

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက် . . .

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၉၉ ဦးနှင့် အမျိုးသမီး ၈၀ စုစုပေါင်း ၁၇၉ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၇ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၀ နှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၇ ဦးတို့ကိုလည်းကောင်း ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၆ ဦးနှင့် အမျိုးသမီး ၉၂ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုး တွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၈**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် သရေခေတ္တရာ ပျူမြို့ဟောင်း၌ အပျော်တမ်းစက်ဘီးစီးပွဲတော် ကျင်းပသွားမည်

**ပဲခူး ဇန်နဝါရီ ၈**

ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင်နယ်မြေဖြစ်သည့် သရေခေတ္တရာ ပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပွဲတော် ကျင်းပခြင်းဖြစ်၍ ပြိုင်ပွဲအတွက်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးကိုဦးတည်၍ အဆိုပါ အပျော်တမ်းစက်ဘီးစီးပွဲတော်ကို ကျင်းပရန် စီစဉ်ရခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

**လုပ်ငန်းညှိနှိုင်းအစည်းအဝေး**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက သရေခေတ္တရာပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါပြိုင်ပွဲသည် ခရီးမိုင် ၁၀ မိုင်ခန့် စက်ဘီးစီးရမည်ဖြစ်၍ ခရီးစဉ်တစ်လျှောက် သတ်မှတ်နေရာများ စနစ်တကျထားရှိသွားရန်လိုကြောင်း၊ ဖွဲ့စည်းပေးထားသည့် ကော်မတီများအလိုက် ဆောင်ရွက်မည့် အစီအမံများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

**ဖြည့်စွက်အကြံပြု**

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးက သရေခေတ္တရာ ပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်အကြံပြုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သရေခေတ္တရာပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပပြုလုပ်ရန်စီစဉ်ထားပြီး ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီ ခရိုင်များရှိ အပျော်တမ်းစက်ဘီးစီးသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒီပဲယင်းမြို့နယ်တွင် သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါး ဧက ၅၀၀၀၀ နှင့် အခြားသီးနှံ ဧက ၇၅၀၀ စိုက်ပျိုးမည်

**ဒီပဲယင်း ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်တွင် သဖန်းဆိပ်ဆည်ရေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် နွေစပါး ဧက ၅၀၀၀၀ နှင့် အခြားသီးနှံ ဧက ၇၅၀၀ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းထွန်းထံမှ သိရသည်။

သဖန်းဆိပ်ဆည်မှ ယခုနှစ် နွေစပါးစိုက်ရာသီတွင် ဒီပဲယင်းမြို့နယ် အနေဖြင့်(YMC) ရေဦးမြောင်းမတော်မှ ဧက ၂၂၅၀၀၊ ( MBC)မရကန်မြောင်းမတော်မှ ဧက ၂၂၅၀၀၊ (RMC)လက်ယာမြောင်းမကြီးမှ ဧက ၅၀၀၀ စုစုပေါင်းနွေစပါး ဧက ၅၀၀၀၀ စိုက်ပျိုးရန် လျာထားပြီးအခြားသီးနှံကို (YMC)ရေဦးမြောင်းမတော်မှ ဧက ၄၅၀၀၊ (MBC)မရကန်မြောင်းမတော်မှ ဧက ၃၀၀၀ စုစုပေါင်း ဧက ၇၅၀၀ အကောင်အထည်ဖော်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေကို သဖန်းဆိပ်ဆည်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြေဆီလွှာအာဟာရ ဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ကြိုတင်စုဆောင်းရေးများ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးနည်းပညာများ အကူအညီရယူနိုင်ကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**



# အခွန်စည်းကြပ်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် မြို့တော်စည်ပင် ရာပြတ်ဌာန ရုံးခွဲများ၊ ခရိုင်ရုံးများ၌ ပူးတွဲဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၈**

မြို့ပြပတ်ဝန်းကျင် ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုများ နည်းတူလိုက်လျောညီထွေ ဖြစ်စေရန် ပြည်တွင်း ပြည်ပ စီးပွားရေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်ကြီးများအား အခွန်စည်းကြပ်လုပ်ငန်း အခက်အခဲမရှိ ပွင့်လင်းမြင်သာ ပိုမိုလွယ်ကူလျင်မြန်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရာပြတ်ဌာန၏ ဌာနခွဲများကို ခရိုင်အလိုက် ဆက်လက်ဖွင့်လှစ်သွားနိုင်ရန် သက်ဆိုင်ရာဌာနက အမြန်စီစဉ်လျက်ရှိသည်။



ပြည်တွင်း ပြည်ပ စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသော ရန်ကုန်မြို့ ပြည်လမ်းကို မြင်တွေ့ရစဉ်။

မြို့တော်စည်ပင်ဌာနများအနက် အရေးပါသော ဌာနတစ်ခုဖြစ်သည့် ရာပြတ်ဌာနသည် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်အများစုနှင့် ထိတွေ့ဆက်ဆံနေရသောဌာနတစ်ခုလည်း ဖြစ်သည်။ ခေတ်စနစ် ပြောင်းလဲမှုနှင့်အတူ စီးပွားရေးလုပ်ငန်းများ လည်ပတ်မှု အရှိန်အဟုန်မပြတ်စေရန် ယခုကဲ့သို့ ခရိုင်ရုံးများ၌ ပူးတွဲ ဖွင့်လှစ်ပေးရခြင်းဖြစ်သည်။

ရာပြတ်ဌာနသည် ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အအုံများ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ အစိုးရဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများထံမှ ပစ္စည်းခွန်များ စည်းကြပ်ကောက်ခံခြင်း၊ ပစ္စည်းခွန်များ စည်းကြပ်ရန်အတွက် ကွင်းဆင်းစစ်ဆေး၍ လိုအပ်သော အချက်အလက်အထောက်အထားများကို လုပ်ငန်းရှင်များထံက တောင်းခံရယူခြင်း၊ စည်းကြပ်ရန် တွက်ချက်အတည်ပြုပြီးသော ပစ္စည်းခွန်များကို အခွန်ထမ်းပြည်သူတို့ အခွန်အခများ ပေးဆောင်ရန်အတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျ အကြောင်းကြားခြင်း၊ ပစ္စည်းခွန်များ ပေးသွင်းမှုများနှင့် ပတ်သက်၍ အခွန်ထမ်း ပြည်သူများ၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စ လိုအပ်ချက်များကိုလည်း ပူးပေါင်းပါဝင်ကူညီဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ပစ္စည်းခွန်အသစ်စည်းကြပ်ရန်နှင့် ပြင်ဆင်ပယ်ဖျက်နိုင်ရန် လိုအပ်သည့် မြေနှင့် အဆောက်အအုံများ၊ အခန်းများကို ကွင်းဆင်းစစ်ဆေးခြင်း၊ ပစ္စည်းခွန်များ ပေးဆောင်ရန်ကျန်ရှိသော အခွန်ထမ်းပြည်သူများအား ဆက်သွယ်အကြောင်းကြားခြင်း၊ တွေ့ဆုံ ဆွေးနွေးခြင်း၊ အသိပညာပေးခြင်း၊ ပစ္စည်းခွန်ငွေပေးဆောင်စေခြင်း၊ အခွန်ထမ်းအမည် ပြောင်းလဲပေးခြင်းနှင့် အဆောက်အအုံများကို တိကျသော လိပ်စာနံပါတ်သတ်မှတ်ပေးခြင်းတို့ကို အဆင်ပြေစွာ ဝန်ဆောင်မှုပေးလျက်ရှိသည့်ပြင် အခွန်ထမ်းစီးပွားရေး လုပ်ငန်းရှင်များနှင့် ကြီးကြပ်တာဝန်ယူ ဝန်ထမ်းတို့အကြား မသမာမှုကိစ္စများ လျော့နည်းပျောက်ကွယ်စေရန် တို့ကို မျှော်မှန်းကာ ယခုကဲ့သို့ ရာပြတ်ဌာနခွဲများကို ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများ၌ တွဲဖက်၍ အမြန်ဖွင့်လှစ်ရန် စီစဉ်နေကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- စောသိန်းဝင်း**

# မိုင်းယောင်းမြို့၌ နွေရာသီကာလများတွင် သောက်သုံးရေအခက်အခဲ မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်

**မိုင်းယောင်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့၌ နွေရာသီကာလများတွင် သောက်သုံးရေအခက်အခဲ မဖြစ်ပေါ်စေရေးအတွက် မိုင်းယောင်းမြို့ ရေပေးဝေရေးစီမံကိန်း ကွင်းဆင်းလေ့လာသုံးသပ်ရေးအဖွဲ့မှ ဇန်နဝါရီ ၇ ရက်က ရေအရင်းအမြစ်များအား ကွင်းဆင်းရှာဖွေလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီ ဦးဆောင်သော မိုင်းယောင်းမြို့ ရေပေးဝေရေးစီမံကိန်း ကွင်းဆင်းလေ့လာသုံးသပ်ရေးအဖွဲ့မှ လက်ရှိအသုံးပြုနေသည့် စိမ့်စမ်းရေများ၊ ကန်များ၊ ဆည်များ၊ ရေတွင်းများ လေလွင့်ပျက်စီးမှုမရှိစေရေး၊ ရေရှားပါးမှု ဖြစ်ပေါ်လာပါက အနီးဆုံး ရေရှိနိုင်မည့်နေရာများ၊ ရေအရင်းအမြစ်များ ကြိုတင်လေ့လာထားခြင်း၊ အချက်အလက်များ ပြုစုထားခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# လာနီညာကြောင့် အအေးပိုမည့် ဆောင်းရာသီတွင် သောက်သုံးသင့်သည့် ရေနွေးကြမ်း

ပေါက်ပေါက်



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ထားချက်များအရ ဒီဇင်ဘာလအတွင်း အင်အားအသင့်အတင့်ရှိသော လာနီညာအဆင့်သို့ ရောက်ရှိနေပြီး ဇန်နဝါရီလတွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာဖြစ်ပေါ်နိုင်ကြောင်း၊ အဆိုပါဖြစ်စဉ်တွင် အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ ၂၀၂၂ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံအတွင်း ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့်ရာသီဥတုအခြေအနေများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

"လာနီညာ" ဆိုသည်မှာ အေးပြီးစိုစွတ်သောရာသီဥတုဖြစ်ပြီး ယခုဖြစ်စဉ်မှာ သမုဒ္ဒရာ၏ လေထုအညွှန်းကိန်းနှင့် ပင်လယ်ရေမျက်နှာပြင်မှာ ပုံမှန်ထက်ကျော်လွန်၍ ပိုမိုအေးလာခြင်းတို့ကြောင့် လာနီညာအဆင့်သို့ ရောက်ရှိလာရခြင်းဖြစ်သည်။ သမုဒ္ဒရာတွင် ဖြစ်ပေါ်သည်ဆိုသော်လည်း အဆိုပါဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုများအနေဖြင့် မြန်မာနိုင်ငံ၏ ဆောင်းရာသီကာလအတွင်း အရှေ့မြောက်မုတ်သုံလေ အားကောင်းလာပါသည်။ ထို့ကြောင့် ညအပူချိန်လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း ဖြစ်ပေသည်။

**ယခင်နှစ်များလည်း အအေးပိုခဲ့**

၂၀၂၀ ပြည့်နှစ်ကလည်း မြန်မာနိုင်ငံ၏ ဆောင်းရာသီဖြစ်သည့် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများ၌ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ အားအသင့်အတင့်မှ အားကောင်းသော လာနီညာအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ် ဆောင်းတွင်းကလည်း တရုတ်နိုင်ငံဘက်မှ လေအေးများသည် ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် မြန်မာနိုင်ငံဘက်သို့ ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၃ ရက်နေ့အတွင်း ဖြတ်သန်းခဲ့၍ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ကျန်ဒေသများထက် အအေးပိုခဲ့ပါသည်။

**ဆောင်းရာသီနှင့် ရေနွေးကြမ်းပူပူ**

ဆောင်းရာသီရောက်သောအခါ သဘာဝအလျောက် ခန္ဓာကိုယ်အတွင်းတွင် အပူခဲနေပြီး ခန္ဓာကိုယ်ပြင်ပ၏ အသားအရေမှာ အေးစက်နေတတ်ကြသည်။ အပူအအေးမျှတစွာနေထိုင်ဖို့အတွက် လက်ဖက်ခြောက်ရေနွေးကြမ်း သောက်ပေးသင့်ပါသည်။ ရေနွေးကြမ်းက ကိုယ်ခံအားကောင်းမွန်စေပြီး နှလုံးကျန်းမာရေးသာမက အစာအိမ်ကို ကောင်းကျိုးပြုသဖြင့် ဆောင်းရာသီတွင် ခံစားရလေ့ရှိသော အစာမကြေခြင်းမှ ကာကွယ်ပေးပါသည်။ ခြေဖျား၊ လက်ဖျား အေးတတ်သူများအတွက် နံနက်အိပ်ရာထ လက်ဖက်ရည်အချို သို့မဟုတ် ကော်ဖီတစ်ခွက် သောက်သုံးခြင်းထက် လက်ဖက်ရည်ကြမ်းပူပူ သောက်ခြင်းက ဆောင်းရာသီတွင် ပို၍သင့်တော်ပါသည်။ အထူးသဖြင့် ဆောင်းရာသီ ဝမ်းချုပ်တတ်သူများအနေဖြင့် ရေအေး၊ ရေကျက်အေး သောက်မည့်အစား လက်ဖက်ခြောက် ရေနွေးကြမ်းပူပူကို သောက်သုံးပေးခြင်းဖြင့် ဆောင်းတွင်းကာလပတ်လုံး ကျန်းမာစွာနေထိုင်နိုင်မည် ဖြစ်ပါသည်။

> **ဆောင်းရာသီရောက်သောအခါ သဘာဝအလျောက် ခန္ဓာကိုယ်အတွင်းတွင် အပူခဲနေပြီး ခန္ဓာကိုယ်ပြင်ပ၏ အသားအရေမှာ အေးစက်နေတတ်ကြသည်။ အပူအအေးမျှတစွာနေထိုင်ဖို့အတွက် လက်ဖက်ခြောက်ရေနွေးကြမ်း သောက်ပေးသင့်ပါသည်။ ရေနွေးကြမ်းက ကိုယ်ခံအားကောင်းမွန်စေပြီး နှလုံးကျန်းမာရေးသာမက အစာအိမ်ကို ကောင်းကျိုးပြုသဖြင့် ဆောင်းရာသီတွင် ခံစားရလေ့ရှိသော အစာမကြေခြင်းမှ ကာကွယ်**

ရေနွေးကြမ်း လက်ဖက်ခြောက်သောက်ခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများစွာကို မလွဲမသွေ ရရှိစေပါမည်။

**ကိုယ်အလေးချိန် ကျစေခြင်း**

လက်ဖက်စိမ်းထဲရှိ ပိုလီဖီနော(polyphenol) ဓာတ်တစ်မျိုးက ခန္ဓာကိုယ်ဇီဝဖြစ်စဉ်ကို သွက်လက်မြန်ဆန်အောင် ကူညီပေးပြီး တစ်နေ့တာ စားသုံးလိုက်သော အစားအစာများထဲက ပိုလျှံစွာသိုလှောင်ထားသည့်အရာများကို လောင်မြိုက်သွားစေသဖြင့် ခန္ဓာကိုယ်သွယ်လျစေပါသည်။

**စိတ်ဖိစီးမှု လျော့ကျခြင်း**

လက်ဖက်စိမ်းထဲတွင်ပါရှိသော အစိမ်းရောင်ဟင်းသီးဟင်းရွက်မှရရှိသည့် သဘာဝသီအာနင်း (theanines) ဓာတ်တစ်မျိုးက စိတ်မသက်သာဖြစ်ခြင်းနှင့် စိတ်မကြည်လင်မှုများကို လျော့ကျစေပါသည်။

**ကင်ဆာရောဂါကို တိုက်ထုတ်ခြင်း**

ကင်ဆာရောဂါဗေဒဆိုင်ရာ သုတေသီများက လက်ဖက်စိမ်းနှင့် ကင်ဆာရောဂါတို့အကြား ဆေးဖက်ဝင်ပုံနှင့်ပတ်သက်၍ လေ့လာမှုအမျိုးမျိုးကို ယနေ့အချိန်အထိ လေ့လာနေဆဲဖြစ်ပါသည်။ antioxidants (ခေါ်) ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြင့် ပြည့်ဝနေသော လက်ဖက်စိမ်းက ကိုယ်ခံစွမ်းအားများ တိုးတက်မြင့်မားစေပြီး ကျန်းမာရေးကောင်းမွန်ခြင်း၊ ခန္ဓာကိုယ်ထဲမှ အဆိပ်အတောက်များ ဖယ်ရှားခြင်း စသည့်အကျိုးကျေးဇူးများကြောင့် ကင်ဆာရောဂါမဖြစ်အောင် ပံ့ပိုးကူညီပေးပါသည်။

**ကိုလက်စထရောကျစေခြင်း**

လက်ဖက်ရည်ကြမ်းပူပူ ငါးခွက်နှင့်အထက် နေ့စဉ်သောက်သုံးသူများမှာ LDL cholesterol (ခေါ်) မကောင်းသော ကိုလက်စထရောများကို ထိထိရောက်ရောက် လျှော့ချပေးပြီး HDL cholesterol (ခေါ်) ကောင်းသော ကိုလက်စထရောများကို အလိုအလျောက် မြှင့်တင်ပေးပါသည်။ NHS မှ ဆန်းစစ်မှုမှတ်တမ်းများအရ လူ ၈၂၁ ဦးကို လက်ဖက်စိမ်း သို့မဟုတ် လက်ဖက်ခြောက် ထည့်ထားသည့် လက်ဖက်ရည်ကြမ်းပူပူ တစ်နေ့လျှင် ငါးခွက်နှုန်းဖြင့် သောက်စေခဲ့ပြီးနောက် ၁၁ ကြိမ်တိတိ လေ့လာခဲ့ရာ လက်ဖက်ရွက်ထဲတွင် ပါရှိနေသော ကတီချင်း (catechins) ဓာတ်တစ်မျိုးက မကောင်းသော ကိုလက်စထရောကိုကျစေပြီး သွေးတိုးကိုလည်း ကျစေကြောင်း အဖြေထွက်ရှိခဲ့ပါသည်။

**သွားနှင့် ခံတွင်းကျန်းမာခြင်း**

လက်ဖက်စိမ်းက anti-inflammatory (ခေါ်) ကိုယ်တွင်းကိုယ်ပရောင်ရမ်းခြင်းပြဿနာများကို ကာကွယ်ပေးနိုင်သဖြင့် အထူးသဖြင့် ဆောင်းရာသီတွင် ဖြစ်တတ်သော အပူကန်လည်ချောင်းနာရောဂါများ၊ သွားနှင့် ခံတွင်းရောဂါများမှလည်း ကာကွယ်ပေးပါသည်။ အမျိုးသား ၉၄၀ ဖြင့် မှတ်တမ်းပြုစုခဲ့ရာမှာ လက်ဖက်ခြောက် လက်ဖက်ရည်ကြမ်း မှန်မှန်သောက်သုံးသူများသည် လက်ဖက်ရည်ကြမ်း လုံးဝမသောက်သုံးသူများထက် သွားနှင့် ခံတွင်းကျန်းမာရေး ပိုမိုကောင်းမွန်ကြကြောင်း လေ့လာမှုတစ်ခုတွင် ဖော်ပြထားပါသည်။

**အစာခြေစနစ်ကောင်းမွန်ခြင်း**

The Cincinnati College of Medicine ၏ လေ့လာချက်အရ လက်ဖက်စိမ်းထဲတွင် ပါရှိသော အဆင့်မြင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အစာခြေစနစ်ကို ပံ့ပိုးကူညီပေးနိုင်သဖြင့် ရေနွေးကြမ်းသောက်ခြင်းက အူမကြီးရောင်ခြင်းနှင့် ဆက်စပ်သောရောဂါများကို သက်သာပျောက်ကင်းစေကြောင်း သိရသည်။

**အရွယ်တင်နုပျိုစေခြင်း**

ကော်လာဂျင်ဆိုသည်မှာ အရေပြားအတွက် ပရိုတင်းအာဟာရတစ်မျိုး ဖြစ်ပါသည်။ အရေပြားထဲမှ ကော်လာဂျင်များကို ဖြိုခွဲပစ်တတ်သည့် မကောင်းသော free radicals များ နှောင့်ယှက်မှုကို လက်ဖက်စိမ်းထဲရှိ antioxidant က ရပ်တန့်ပေးနိုင်ပါသည်။ ထို့ကြောင့် လက်ဖက်စိမ်းရေနွေးကြမ်းပူပူက အရေပြားလျော့ရဲတွန့်ခြင်းမှ ကာကွယ်ပေးကာ အရွယ်တင်နုပျိုစေပါသည်။ ထို့ပြင် ဆောင်းရာသီ ခြေဖနောင့်ကွဲခြင်း၊ အသားပပ်ခြင်းနှင့် နှုတ်ခမ်းသားများ ခြောက်သွေ့အဖတ်လန်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။

**မှတ်ဉာဏ်စွမ်းရည် ပိုမိုကောင်းမွန်ခြင်း**

နိုင်ငံတကာသုတေသီများ၏ ဆန်းစစ်မှုမှတ်တမ်းများအရ Green Tea (ခေါ်) ရေနွေးကြမ်းက လူသားတို့၏ မှတ်ဉာဏ်စွမ်းရည်နှင့် ဆက်စပ်မှုများ ရှိနိုင်ကြောင်းကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

- စင်ကာပူနိုင်ငံရှိ Psychological Medicine ဌာန၏ ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း လေ့လာမှုမှတ်တမ်းများအရ လက်ဖက်ရည်ကြမ်းကို ရံဖန်ရံခါမှ သောက်သုံးသော သက်ကြီးရွယ်အိုများသည် လက်ဖက်ရည်ကြမ်း ပုံမှန်သောက်သုံးသော သက်ကြီးရွယ်အိုများထက် သိမြင်မှုစွမ်းရည် ကျဆင်းနိုင်ခြေပိုများနေကြောင်း တွေ့ရသည်။
- The American Journal of Public Health က ထုတ်ဝေခဲ့သော လေ့လာမှုအရ လက်ဖက်အစိုနှင့် လက်ဖက်ခြောက် နှစ်မျိုးရှိရာ လက်ဖက်ခြောက် လက်ဖက်ရည်ကြမ်း သောက်သုံးခြင်းက ဦးနှောက်အတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိစေပြီး လက်ဖက်စိမ်း ရေနွေးကြမ်းသောက်သုံးခြင်းက မှတ်ဉာဏ်စွမ်းရည်ကို ပိုမိုကောင်းမွန်စေကြောင်း သိရသည်။
- ယနေ့ကမ္ဘာပေါ်ရှိ လူအများသည် အာရုံကြောစနစ် ချို့ယွင်းမှုရောဂါကို ခံစားနေကြရကြောင်း၊ နှစ်စဉ် အာရုံကြောစနစ် ချို့ယွင်းမှုရောဂါ ခံစားရသူ ၇ ဒသမ ၇ သန်း ဝန်းကျင်ရှိနေပြီး ၂၀၅၀ ပြည့်နှစ်တွင် အာရုံကြောစနစ် ချို့ယွင်းမှုရောဂါ ခံစားရသူအရေအတွက်မှာ ၁၃၅ ဒသမ ၅ သန်းအထိ တိုးမြင့်လာနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြောင်း၊ ထို့ကြောင့် လူအများ ရေနွေးကြမ်းသောက်သုံးသော အလေ့အထကောင်းကို ကြိုးစားမွေးမြူသင့်ကြောင်း စသည်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အကြံပြုထားပါသည်။

အချုပ်အားဖြင့်ဆိုသော် ဆောင်းရာသီတွင် လက်ဖက်ခြောက် ရေနွေးကြမ်းသောက်ခြင်းက ဇီဝဖြစ်စဉ်အတွက် များစွာအထောက်အကူဖြစ်စေနိုင်၍ လာနီညာကြောင့် အအေးပိုမည့် ဆောင်းတွင်းရက်များ၌ မိသားစုဝင်များအားလုံး မဖြစ်မနေ ရေနွေးကြမ်းပူပူလေး သောက်ပေးသင့်ပါသည်။ ထို့ပြင် ဆောင်းဥတုသာမက ရာသီမရွေး သက်ရှည်ကျန်းမာစေရန်အတွက် လက်ဖက်ရည်ကြမ်းပူပူကို နေ့စဉ် ငါးခွက်ထက်မနည်း သောက်သုံးကြစေလိုပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

ဝတ္ထုတို

## ဆလိုင်းသန်းဇော်ဝင်း




အပိုင်း(၁)

သက်ငယ်မိုး ထရံကာ ယိုင်နဲ့နဲ့ သုံးပင်အိမ်ကလေး၏ အောက်ထပ်၊ ဆေးရောင်ပြယ်လွင့်စပြုနေသော ခုံတန်းလျားလေးပေါ်တွင် အဘိုးအိုသည် ပိုက်ဆံများ ရေတွက်နေ၏။ ဇောချွေးများ ပြန်နေသဖြင့် တုန်ရီနေသော လက်ဖျားများမှာ ကပ်စေးစေး ဖြစ်နေသည်။

လူငယ်သည် ဖုန်းလွယ်အိတ်ကို စလွယ်သိုင်းလျက် နွားဆွဲရန် သူ့အိမ်ဝိုင်းထဲသို့ ဝင်လာ၏။

"ဟေး... မောင်ရင်လေး မင့်ဘာသာမင်းပဲ ကြည့်ပြီး ဆွဲသွားတော့ကွာ။ ငါ စိတ်မခိုင်လို့ ထွက်မတွေ့တော့ဘူးနော်"

"ဟုတ်..... ဟုတ်ကဲ့ အဘ"

လူငယ်သည် တင်းကုပ်အောက်တွင် အသင့်တွေ့ရသော နွားကို ကြိုးဖြည်၍ ဆွဲခေါ်၏။ လူစိမ်းတစ်ယောက်၏ ဆွဲခေါ်ခြင်းကို ခံရသဖြင့် နွားမှာ မျက်လုံးအဝိုင်းသားနှင့် လန့်တန့်တန့် ဖြစ်နေသည်။

"ဟဲ့ နွား သွားစမ်း။ ဖြန်း...."

နွားမှာ ကြိုးခေါက်ဖြင့် ရိုက်ချက်နှင့်အတူ ကျောညွတ်လျက်ရှေ့သို့ကမူးရှူးထိုး ဦးတည်သွားလေ၏။ အဖော်နွား ထွက်ခွာသွားတော့ စားမြုံ့ပြန်ရင်း ဝပ်နေသော ကျန်နွားတစ်ကောင်မှာ အလန့်တကြားထ၍ အော်မြည်တွန်ကျူးလျက် ရုန်းကန်နေခဲ့၏။

အဘိုးအိုသည် ထိုအဖြစ်အပျက်များကို အိမ်ထရံအပေါက်ကြားမှ ကြည့်ဖြစ်အောင် ကြည့်လိုက်မိသေးသည်။

အပိုင်း(၂)

နွားသည် လူငယ်၏ မောင်းနှင်ရာသို့ ကစိမ်းကလှဲ့ သွားနေရသည်။ တစ်ကြိမ်တစ်ခါတုန်းကမျှ ဤကဲ့သို့ လူစိမ်းတစ်ယောက်နှင့်အတူ တစ်ကောင်တည်း မသွားခဲ့ဖူး။ ညကတည်းက အိပ်မက်ဆိုးများ မက်၍ စိတ်ချောက်ချားခဲ့သည်မှာ ယခုအထိတိုင် မပြယ်လွင့်သေး။ လူငယ်၏ ဆဲဆိုကြိမ်းမောင်းသံ၊ လှုပ်ရှားမှုအမူအရာများကို သေချာဂရုစိုက်၍ တစ်လှမ်းချင်း လှမ်းနေသည်။

"ဟယ်လို.... ကောင်လေး။ မင်းထွက်လာခဲ့ပြီလား"

"ဟုတ် အစ်ကိုကြီး။ စောစောပဲ ထွက်လာခဲ့လိုက်တယ်"

"အေးအေး ကောင်းတယ်။ ဒီမှာ အသားဝယ်မယ့်သူတွေ လာလာမေးနေကြပြီ။ မြန်မြန်သာ မောင်းခဲ့ပေတော့"

"ဟုတ် ဟုတ် အစ်ကိုကြီး။ အဟင်း... ဒါနဲ့ နွားပို့ခက တစ်သောင်းခွဲ ပေးမှာမို့လား ဟဲ...ဟဲ"

"အေးပါကွာ ပေးပါ့မယ်ကွ။ စောစောထွက်လာတာဆိုတော့ နောက်ငါးနာရီလောက်ဆိုရင် ရောက်လောက်ပါတယ်နော်။ အေး အေး ဒါပဲနော်။ ဒီမှာ အလုပ်တွေရှုပ်နေလို့"

"ဟုတ် အစ်ကိုကြီး"

နွားဝယ်သူ သားသတ်သမားဆီမှ ဖုန်းချသွား၏။ လူငယ်သည် သူ့အတွေးနှင့်သူ ပြုံးလိုက်ရင်း နွားကျောပြင်ကို တစ်ချက်နာနာ ရိုက်လိုက်သည်။

"ဟဲ့နွား မြန်မြန်သွားစမ်း"

"ရှူး.......ရှူး......"

နွားက နှာမှုတ်သံပြင်းပြင်း နှစ်ချက်မှုတ်ထုတ်လိုက်ရင်း တောလမ်းလေးအတိုင်း အတင်းရုန်းကန်သွား၏။

"ကြိုက်တယ် ကြိုက်တယ်။ ဟင်း... ဒီလိုစိတ်ဆတ်တဲ့နွားမျိုးမှ ကြိုက်တာ။ ခရီးတွင်တာပ။ သွားထားစမ်း"

လူငယ်သည် ဆဲဆိုကြိမ်းမောင်းရင်း တောက်တစ်ခေါက်ခေါက်နှင့် ခရီးဆက်နေ၏။ နွားသည် လူငယ်၏ အရိပ်အခြည်ကို တစ်ချက်လေးမျှ အပြတ်မခံ။ နားရွက်နှစ်ဖက်ကို နောက်သို့ ပစ်ပြီး ဘယ်ဘက်မျက်လုံးဖြင့် ကြည့်လိုက်၊ ညာဘက်မျက်လုံးဖြင့် စောင်းငဲ့ကြည့်လိုက်လုပ်ရင်း သွားနေသည်။ လူငယ်က ရိုက်မည့်ဟန်နှင့် လက်မြှောက်လိုက်လျှင် နွားမှာ ဖင်တွန့်လျက် ဆတ်ခနဲ အပြေးသွားသည်။ ခဏနေတော့ ပုံမှန် မှန်မှန်လျှောက်ပြန်သည်။ ခဏခဏ ပြေးလိုက် မှန်မှန်လျှောက်လိုက်၊ ပြေးလိုက် မှန်မှန်လျှောက်လိုက်နှင့် ခရီးဆက်နေကြသည်။

သည်လိုနှင့် သူတို့သည် မြေနီလမ်းလေးသို့ ရောက်လာကြ၏။ လူငယ်တွင် ချွေးများ စို့ရွှဲလျက်။ သို့သော် စိတ်လောနေသောကြောင့် နွားကို နှစ်ချက်ဆင့်၍ ရိုက်လိုက်ပြန်သည်။

"သောက်နွား လေးကန်ကန်နဲ့။ သွားထားစမ်းဆိုနေ။ တယ်.... ဒီနွား။ ငါ.... လုပ်လိုက်ရ"

ထိုအခါ နွားသည် ရှူးရှူးရှဲရှဲလုပ်၍ ရှေ့သို့ မသွားတော့ဘဲ သူ့ဘက်သို့ ဦးခေါင်းပြန်လှည့်ကာ မာန်စောင်နေသည်။ လူငယ်၏ လက်ထဲတွင်သာ တုတ်မရှိပါလျှင် ပြန်ခွေ့ပေတော့မည်။ လူငယ်လည်း ဒေါသအကြီးအကျယ်ထွက်၍ မျက်နှာများ နီမြန်းလာ၏။ နွားကြိုးကို လက်မှ လွတ်မသွားစေရန် သေချာတင်းတင်းဆုပ်ကိုင်ရင်း ခါးတွင် ထိုးထားသောဓားကို ဆွဲထုတ်လိုက်သည်။ ပြီးလျှင် နွား၏ ဦးချို နှစ်ဖက်ကို ဓားနှောင့်ဖြင့် တောက်ခနဲ၊ တောက်ခနဲ ခပ်နာနာ ခေါက်ပစ်လိုက်သည်။

နွားမှာ နာလွန်းလှသဖြင့် ဦးချိုကို ဘယ်ညာရမ်းရင်း သွားများ တကျွိကျွိ အံကြိတ်ကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျသည်။ ထို့နောက် ကြောက်ကြောက်လန့်လန့်နှင့် အတင်းရုန်းကန်သွားလေ၏။

"တောက်.... အရေးထဲမှာမှ အဘိုးကြီးကလည်း နွားကန်ကြိုးကို ကောင်းကောင်းတပ်မပေးလိုက်ဘူး။ အဟောင်းကြီး ပြောင်းတပ်ပေးလိုက်တာပဲ။ မတော်လို့များ ပြတ်သွားရင်တော့ ငါတော့ ကွိုင်ပဲကွာ။ ချီးပဲ......"

လူငယ်က သည်အလုပ်တွင် ကျင်လည်ထားသူပီပီ နွားကို အချိုသပ်ကာ ချော့မော့၍ မောင်းနေပြန်သည်။

"သွားထားစမ်းပါ ပြိတ္တာကောင်ကြီးရာ။ မင့်သခင်က မင်းကို ကန်ကြိုးအသစ်နဲ့ မတန်တော့လို့ အဟောင်းအဆွေးကြီး တပ်ပေးလိုက်တာကွ သိရဲ့လား။ ကျွတ်...ကျွတ်...ကျွတ်... လိမ်လိမ္မာမာ သွားထားစမ်းပါကွာ"

> လူငယ်သည် ဆဲဆိုကြိမ်းမောင်းရင်း တောက်တစ်ခေါက်ခေါက်နှင့် ခရီးဆက်နေ၏။ နွားသည် လူငယ်၏ အရိပ်အခြည်ကို တစ်ချက်ကလေးမျှ အပြတ်မခံ။ နားရွက်နှစ်ဖက်ကို နောက်သို့ပစ်ပြီး ဘယ်ဘက်မျက်လုံးဖြင့် ကြည့်လိုက်၊ ညာဘက်မျက်လုံးဖြင့် စောင်းငဲ့ကြည့်လိုက်လုပ်ရင်း သွားနေသည်။ လူငယ်က ရိုက်မည့်ဟန်နှင့် လက်မြှောက်လိုက်လျှင် နွားမှာ ဖင်တွန့်လျက် ဆတ်ခနဲ အပြေးသွားသည်။ ခဏနေတော့ ပုံမှန် မှန်မှန်လျှောက်ပြန်သည်။ ခဏခဏ ပြေးလိုက် မှန်မှန်လျှောက်လိုက်၊ ပြေးလိုက် မှန်မှန်လျှောက်လိုက်နှင့် ခရီးဆက်နေကြသည်။

အပိုင်း(၃)

အဘိုးအိုသည် ရေတွက်ပြီးသော ပိုက်ဆံများကို ခေါင်းအုံးကြားသို့ သေသေသပ်သပ်ထိုးထည့်လိုက်သည်။ ဟင်းခနဲ သက်ပြင်းချကာ စားပွဲပေါ်တွင် တင်ထားသော နွားကန်ကြိုးခွေလေးကို ကြည့်ရင်း ညည်းတွဲ့တွဲ့စကားဆိုသည်။

"ငါနဲ့အတူတူ ဆယ်နှစ်ဆယ်မိုးလုံးလုံး ရုန်းကန်လာခဲ့တဲ့ မင့်အပေါ်မှာ ငါ သံယောဇဉ် တွယ်မိပါတယ်။ ငါ့မှာ ညတုန်းကဆို တစ်ညလုံးတောင် အိပ်လို့ မပျော်ပါဘူး။ ငါ့မှာလည်း အခက်အခဲတွေနဲ့ဆိုတော့ အခုလိုမျိုး နွားပေါင်လှီးရတာ စိတ်မကောင်းပါဘူးကွာ။

အခု မင်းကို ရောင်းလို့ရတဲ့ ပိုက်ဆံတွေထဲကနေ တန်ဖိုးနည်းတဲ့ နွားငယ်လေးတစ်ကောင် အစားထိုးပြန်ဝယ်ရမှာကွ။ မင်းကို နွားပေါင်လှီးရတဲ့အတွက် စိတ်မကောင်းပါဘူးကွာ။ တကယ်ပါ...."

သူသည် စကားဆိုရင်း နွားကန်ကြိုးလေးကို တယုတယ ကောက်ယူလိုက်သည်။ ပြီးလျှင် ကယ်ပါလွယ်အိတ်ကြီးထဲသို့ ရေဘူး၊ တံစဉ်များနှင့်အတူ ရောထည့်ကာ နွားတစ်ကောင်ကို မောင်း၍ တုန်တုန်ချည့်ချည့်နှင့် တောထဲသို့ ထွက်သွားလေ၏။

အပိုင်း(၄)

စမ်းချောင်းလေးသို့ အရောက်တွင် လူငယ်သည် နွားအား ခဏမျှ ရေတိုက်၏။ နွားသည် ရေကို အပေါ်ယံစုပ်ယူ၍ ဖြည်းဖြည်းချင်း သောက်သည်။

"ကြာလိုက်တာကွာ။ ဟိုမရောက်ခင် သေနေမှာစိုးလို့သာ ဒင်းကို ရေတိုက်တာ သိရဲ့လား။ ဒီနွားစုတ်နဲ့တော့ ခက်နေပါပြီ"

လူငယ်သည် စိတ်မရှည်စွာ မြည်တွန်တောက်တီးလျက် နွားကျောပြင်ကို ဖြောင်တင်လိုက်ပြန်သည်။ ထိုအချိန်တွင် နောက်တည့်တည့်မှ ခွေးတစ်ကောင်က မထင်မှတ်ပါဘဲ လျှပ်တစ်ပြက် ဖြတ်ပြေးသွားသည်။ နွားလည်း အလန့်တကြား ဆတ်ခနဲ ခုန်ပြေးမိလေ၏။ ဆွေးမြည့်နေသော ကန်ကြိုးမှာ တိခနဲ ပြတ်ကျန်ခဲ့သည်။

သည်အခါ လူငယ်မှာ ထိတ်လန့်တုန်လှုပ်လျက် ကယောင်ချောက်ချားဖြစ်သွားသည်။ နောက်မှ စိုးရိမ်တကြီး နွားပြေးရာ နောက်သို့ အပြေးလိုက်သွားလေ၏။

နွားသည် လာရာလမ်းအတိုင်းမဟုတ်ဘဲ တောချုံ တောင်ကြားများကိုဖြတ်၍ သွားသည်။ လူငယ်လည်း ထက်ကြပ်မကွာ အမောတကော လိုက်သည်။

"ကျွတ်....ကျွတ်....ကျွတ်....။ နွားသိုးကြီးရ။ လိမ္မာပါတယ်ကွ"

နွားသည် လှည့်၍ပင်မကြည့်။ ရှေ့သို့သာ တစ်ရှူးထိုး ပြေးသွားသည်။ လူငယ်က လိုက်လေ၊ နွားက ပြေးလေနှင့် ခရီးလမ်းသည် နောက်ကြောင်းပြန်သွားသလို ဖြစ်နေသည်။

သည်လိုနှင့် တောအထပ်ထပ်ကို ဖြတ်ကျော်ပြီး အချိန်အတော်ကြာသော အခါ ရွာထဲသို့ပင် ပြန်ရောက်လာကြသည်။ ရွာထဲတွင် တွေ့ရသော ရွာသားများက နွားကိုဝိုင်းကူ၍ ဖမ်းပေးကြသည်။ မရပါ။ တချို့က အစာမြက်ဖြင့် မျှားခေါ်၍ ဖမ်းဖို့ စီစဉ်ကြပြန်သည်။ နွားက ဂရုပင်မစိုက်။ နောက်ဆုံး ဖမ်းမရမည့်အတူတူ အားလုံး လက်လျှော့ကာ နွားသွားရာနောက်သို့ လူငယ်အား လိုက်သွားရန် အကြံပေးကြသည်။ လူငယ်လည်း တောက် တစ်ခေါက်ခေါက်နှင့် လိုက်သွားရသည်။

နောက်ဆုံးတွင် နွားသည် သူ့သခင် အဘိုးအို အိမ်သို့ပင် တန်းတန်းမတ်မတ် ဝင်သွား၏။ လူငယ်လည်း နွားကို ဖမ်းဖို့ မကြိုးစားတော့ဘဲ အဘိုးအို ခေါ်ရန် ယာထဲသို့ သွားလေသည်။

အပိုင်း(၅)

ခဏကြာတော့ လူငယ်နှင့် အဘိုးအိုတို့ ရောက်လာကြသည်။ နွားသည် လူငယ်ကို မြင်သဖြင့် အဖမ်းမခံဘဲ အိမ်ဝိုင်းထဲတွင် ပတ်ပြေးနေသေးသည်။

"ကျွတ်....ကျွတ်....လာ... လာ... လာ... အဖွေ့သားကြီး။ လိမ္မာပါတယ် အဖွေ့သားကြီးရာ"

အဘိုးအိုက ဆယ်နှစ်လုံးလုံး ခေါ်ဆိုခဲ့သော အသုံးအနှုန်း စကားတစ်ခွန်းကို ခေါ်လိုက်သည်ဆိုလျှင်ပဲ နွားမှာ ဦးခေါင်းငုံ့လျှိုး၍ ရပ်နေတော့၏။ အေးအေးဆေးဆေးပင် အဖမ်းခံသည်။ အဘိုးအိုသည် နွားကို ချက်ချင်းမဖမ်းသေးဘဲ ထုံးစံအတိုင်း ပခုံးပတ်လည် လည်ပင်းတစ်ဝိုက်သို့ ပွတ်သပ်ပေးနေသေးသည်။ နွားမှာ မှိန်း၍ ငြိမ်နေသည်။ ပြီးမှ ကယ်ပါလွယ်အိတ်ကြီးထဲမှ ကန်ကြိုးခွေလေး ထုတ်ယူ၍ ဖမ်းလိုက်သည်။

"ကဲ... သွားပေဦးတော့ အဖွေ့သားကြီးရေ"

နောက်ဆုံးအကြိမ် ခေါ်လိုက်ခြင်း ဖြစ်သည်။

ပြီးလျှင် ညှိုးရော်သော မျက်နှာထားဖြင့် လူငယ်လက်ထဲသို့ ကန်ကြိုးစကို ထိုးထည့်ပေးလိုက်သည်။

"ဟဲ့နွား သွား"

ထိုအခါ နွားသည် ခေါင်းငိုက်စိုက်ချလျက် လူငယ်က ဆဲဆိုကြိမ်းမောင်းသော်လည်း မလန့်။ ရိုက်သော်လည်း မပြေး။ အေးဆေးတည်ငြိမ်စွာ ပုံမှန်ပင် တရွေ့ရွေ့ထွက်ခွာသွားလေသည်။

"ဟယ်လို... မရောက်လာသေးဘူးလား ကောင်လေးရ။ ဒီမှာ အမဲသားဝယ်မယ့်သူတွေက ပူညံပူညံလုပ်ကုန်ပြီ။ မြန်မြန်သာလာတော့ ဟေ"

"ဗျာ...။ ဟုတ်... ဟုတ်...အစ်ကိုကြီး။ ကျွန်တော် ရောက်တော့မှာပါဗျ"

နွားသည် အေးအေးလူလူပင် လိုက်ပါသွားလေပြီ။ လူငယ်နှင့် နွားတို့ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ လိုက်ကြည့်ရင်း အေးအေးလူလူမရှိသူမှာ အဘိုးအိုပင် ဖြစ်သည်။ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် အဘိုးအိုသည် အိမ်ပေါ်သို့ အပြေးတက်သွား၍ ခေါင်းအုံးကြားမှ ပိုက်ဆံထုပ်ကို ထုတ်ယူလိုက်သည်။ ပြီးလျှင် အိမ်ရှေ့သို့ ဒယီးဒယိုင်ထွက်၍ အနောက်ဘက်သို့ မျှော်ငေးရင်း "ဒီတစ်ခါသာ လှည့်ပြေးလာခဲ့စမ်းပါလား။ အဖွေ့သားကြီးကို ငါပြန်သွားခွင့်ပြုတော့မှာ မဟုတ်ဘူး။ ဟောဒီ ပိုက်ဆံတွေအကုန် ပြန်ပေးပစ်လိုက်မယ် သိလား။ လာသာ လာခဲ့စမ်းပါလေ။ လာခဲ့စမ်းပါ"

အံကြိတ်ရင်း စကားတွေ တတွတ်တွတ် ပြောနေသည်။ မျှော်လင့်တကြီး စောင့်စားနေသည်။

သို့သော်... သို့သော်... ထိုအချိန် စက္ကန့်၊ မိနစ်၊ နာရီမှစ၍ မည်သို့သော ကာလမျိုးတွင်မျှ နွားက ပြန်ရောက်မလာခဲ့တော့ပါ။ ။

## မီးဘေးကာကွယ် သတိပြုမယ်

✻ အမှိုက်ကစ သတိပြုဖွယ်
စနစ်တကျ စွန့်ပစ်မယ်။
မီးအန္တရာယ် အသိမှတ်သား
ကျင့်သုံးကြမယ် မှတ်လို့ထား။

✻ တူညီကြိုးစား လိုက်နာကာ
ကြိုတင်ကာကွယ် ပြင်ဆင်ပါ။
မီးဖိုချောင်မှာ မီးကျန်များ
သတိထားပြီး ငြိမ်းစို့လား။

✻ မီးရှို့ထားတဲ့ အမှိုက်တွေ
ရေလောင်းဖို့အတွက် မမေ့နဲ့လေ။
သတိပြုပေ လျှပ်စစ်များ
မထိခိုက်အောင် သုံးစို့လား။

✻ အသိတရား ရှိမှသာ
ဘေးရန်ကင်းလို့ စိတ်ချမ်းသာ။
ပွင့်လင်းရာသီ ရောက်ပြီမို့
မီးဘေးကာကွယ် သတိပြုစို့။ ။

မင်းသူရိန်(သာကီနွယ်)

..........................

## ပြာသိုအလှ

✻ ညို့မှိုင်းပြာညို တောင်တန်းအို
သစ်ပင်တောတန်း စိမ်းစိမ်းစို။
တေးသံချိုတဲ့ ကျေးငှက်များ
မြူးထူးလို့ ပျော်ပါး။

✻ စပါးပင်များ ရိတ်ပြီးချိန်
လယ်ကွင်းတစ်ဆုံး ရိုးပြတ်လိမ်။
ထိန်ထိန်ညီးညီး ဆောင်းနေဖျန်း
မြူငွေ့တောတောင်လွှမ်း။

✻ ငြိမ်းချမ်းပါလို့ သာသာယာ
အညာနယ်က ကျေးတောရွာ။
နှင်းဖြာဖြာနဲ့ ပြာသိုလ
ပွဲများကြီးသန်လှ။

✻ စိမ်းစိုမြမြ ကိုင်းခင်းတွေ
ချောင်းဘေးနှစ်ဖက် နုလို့ဝေ။
မြန်မာ့ရေမြေ အလှဆုံး
ပြာသိုလဝယ် ရှုပါဦး။
မြောက်ပြန်လေက နှင်းနဲ့ဖုံး။ ။

မောင်စာချစ်

# ရိုးသားခြင်းတန်ဖိုး

## အောင်သွေး(မြစ်သား)

လူတစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြရာတွင် ရိုးသားဖြောင့်မတ်မှုမရှိပါက ထိုဆက်ဆံရေးသည် နောက်ဆုံး အမုန်းနှင့်အဆုံးသတ်ရပေမည်။ သူတစ်ပါးကို လိမ်ညာ၍ရပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ လိမ်ညာ၍မရပါ။ မိမိ၏မရိုးသားမှုကို မိမိသာလျှင် အသိဆုံးဖြစ်သည်။ ရိုးသားခြင်းဆိုသည်မှာလည်း အခြားတစ်စုံတစ်ရာ၏ တိုက်တွန်းနှိုးဆော်ခြင်းမပါဘဲ အရှိကိုအရှိအတိုင်း ပကတိပြုမူပြောဆိုနေထိုင်ခြင်းပင် ဖြစ်သည်။ မဟုတ်မှန်းသိသည်ကို မဟုတ်မှန်း ရဲရင့်စွာပြောနိုင်ရမည်။ ထို့ကြောင့်မှန်မှန်ကန်ကန် ပြုမူနေထိုင်ကြသူများသာ ရဲရင့်ကြသည်။ ထိုသို့ ရဲရင့်နိုင်ရန်လည်း မိမိဘက်က ရိုးသားရမည်။

သူတစ်ပါးကို လိမ်ညာထားသူသည် မိမိလိမ်ညာထားသည့်သူကို လမ်း၌တွေ့ပါက မျက်လုံးချင်းပင် ရဲရဲမကြည့်ရဲပေ။ ပစ္စည်းတစ်ခုကို ခိုးယူထားသော ကျောင်းသားသည် ဆရာ၏မျက်လုံးကို ရင်မဆိုင်ရဲသကဲ့သို့ဖြစ်သည်။ မဟုတ်မမှန်သည်ကို ပြုလုပ်တော့မည့်သူသည် မိမိကိုယ်တိုင် ဦးစွာ စိတ်ဆင်းရဲရသည်။ “ငါလုပ်လိုက်တာများ ပေါ်သွားရင်” ဟူသော သောကစိတ်က အမြဲတမ်းနှိပ်စက်နေပေမည်။ အိပ်ကောင်းခြင်းမအိပ်ရ စားကောင်းခြင်းမစားရပေ။

လူတိုင်း “ရိုးရိုးကျင့် မြင့်မြင့်ကြံ” ဟူသော စိတ်ဖြင့် နေ့စဉ်ဘဝကို ဖြတ်သန်းကြပါက လူ့အသိုက်အဝန်းသည် တိုးတက်သာယာနေပေမည်။ ရိုးရိုးကျင့် မြင့်မြင့်ကြံ စိတ်ထားဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူးများကို ဗုဒ္ဓမြတ်စွာဘုရားရှင်က “ ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသူများ သီလရှိသူများ”ဟု ဖော်ထုတ်ချီးကျူးခဲ့သည်။ကိုယ်ကျင့်တရားမကောင်း၊ စိတ်ထားဖြူစင်မှုမရှိသူသည် အနှစ်မရှိသော သစ်တုံးနှင့်တူသည်။ အနှစ်မရှိသောသစ်တုံးသည် အလယ်အူခေါင်းအတွင်းသို့ ရေဝင်နိုင်ပြီး ကြာလျှင် ဆွေးမြည့်ပျက်စီးသွားရသည်” ဟု ဆိုထားပါသည်။

ပုထုဇဉ်လူတစ်ယောက်အတွက် ရိုးဂုဏ်သည် အချမ်းသာဆုံးဥစ္စာဟု ဆိုရပေမည် “ ရိုးလျှင်စားမကုန်၊ ကောက်လျှင်စားမလောက် ” ဟူသော ဆိုရိုးရှိပါသည်။ ရိုးသားစွာ ရှာဖွေထားသောပစ္စည်းဥစ္စာသည် ဆတက်တိုးပြီး ရိုးသားစွာရှာဖွေထားသူသည်လည်း ထမင်းစားတိုင်း လိပ်ပြာသန့်သန့်နှင့် စိတ်ချမ်းသာစွာ စားနိုင်မည်။ မရိုးဖြောင့်သောစိတ်ဖြင့် ရှာဖွေထားသော ပစ္စည်းဥစ္စာကား မမြဲပေ။ တစ်နည်းမဟုတ်တစ်နည်းနှင့် ပျက်စီးဆုံးရှုံးရတတ်သည်။

တချို့က မရိုးဖြောင့်သောနည်းဖြင့် ရယူခဲ့သော ငွေကြေးကိုပင် မိမိအတွက် အခွင့်အရေးဟု သတ်မှတ်ကြသည်။ ကျွန်တော့်အမြင်တော့ ဒါက မိမိမရိုးသားခြင်းကို ဖုံးကွယ်စေရန် ကိုယ့်ကိုယ်ကိုယ် လျှော့တွေးခြင်းသာဖြစ်သည်ဟု မြင်မိပါသည်။

ထို့ကြောင့် ဆရာကြီးရွှေဥဒေါင်းက သူ၏ တစ်သက်တာမှတ်တမ်းတွင် Gentleman (ဂျန်တဲလ်မဲန်း)နှင့်ပတ်သက်၍ “ငါးပါးသီလသမား တစ်ယောက်သည် ကြုံကြိုက်ခဲ့လျှင် ထိုက်သင့်သည်ထက်ပို၍ အခွင့်အရေးယူပေလိမ့်မည်။ အကြွေးပူမုဆိုးမဆီက ပစ္စည်းကို ဈေးနှိမ်ဝယ်ချင်ဝယ်လိမ့်မည်။ အခွင့်အရေးယူခြင်းသည် ခိုးခြင်းမဟုတ်ဟုဆိုနိုင်သည်။ ဂျန်တဲလ်မဲန်းတစ်ယောက်မူကား ထိုသို့မဟုတ်။ ထိုက်သင့်သည်ထက်ပို၍ အခွင့်အရေးယူရမည်ကို ရှက်တတ်သည်”ဟုဆိုထားပါသည်။

ဆရာမေတ္တာရှင်(ရွှေပြည်သာ)၏ စာရိတ္တပြိုင်ပွဲစာအုပ်တွင် “ဆေးရောင်းချရာ၌ ယူသင့်သော အမြတ်ငွေထက်ပိုတင်ပြီး အဆမတန်ယူခြင်းသည် ခိုးမှုဟု တိုက်ရိုက်မပြောနိုင်သော်လည်း ရိုးသားမှုကား မဟုတ်တော့ပေ။ ရိုးသားမှုမပါပါက မတရားမှု ၊လိမ်လည်မှု၊ ခိုးယူမှုများကို သွယ်ဝိုက်၍ ကျူးလွန်ခြင်းတစ်မျိုးပင်ဖြစ်၏”ဟု ဖော်ပြထားသလို ရိုးသားဖြောင့်မတ်စိတ်ရှိသောနိုင်ငံက ချမ်းသာပြီး ရိုးသားဖြောင့်မတ်စိတ်မရှိသောနိုင်ငံက ဆင်းရဲရကြောင်းလည်း ဆရာက သာဓကများဖြင့် ရေးဖွဲ့ထားပါသည်။

အွန်လိုင်းပေါ်တွင် သိန်းခုနစ်ဆယ်ကောက်ရသော်လည်း ပိုင်ရှင်ကိုပြန်ပေးသည့်သတင်း၊ ရတနာပစ္စည်းများ မိမိကားပေါ်ပါလာသော်လည်း ပိုင်ရှင်ထံပြန်ပေးသည့်သတင်းများ တွေ့ရပါသည်။ ပစ္စည်းကို ပြန်ပေးသူနှင့် ပြန်ရသူတို့၏ ဝမ်းသာပီတိဖြစ်နေကြပုံမှာ သတင်းဖတ်သူတို့ကိုပင် ထိုပီတိက ကူးစက်လာပါသည်။ ကြည်နူးဖွယ်ကောင်းလေစွ။ ပစ္စည်းကို ပြန်ပေးသော ရိုးသားသူ၏နာမည်သည် ဘယ်နေရာရောက်ရောက် နေလည်းမွှေး သေလည်းမွှေးနေမည်သာ။ မရိုးသားသောသူ၏ နာမည်ကတော့ သူရောက်လေရာအရပ်တွင် မသေခင်ကပင် အပုပ်နံ့ထွက်နေပေမည်။

ထို့ကြောင့်လည်း ဟားဗတ်ဆပင်ဆားက“ လူသည် သူ့ဘဝတွင် သူဌေးဖြစ်ရန် တာဝန်မရှိသော်လည်း၊ ရိုးဖြောင့်ရန်ကား တာဝန်ရှိ၏ ။ လူတွင်အလိုအပ်ဆုံး အရည်အချင်းမှာ ပညာမဟုတ်၊ စာရိတ္တဖြစ်သည်”ဟု ဆိုထားပါသည်။ တချို့က ရိုးသားသောနည်းလမ်းဖြင့် ငွေရှာပြီး ချမ်းသာသွားကြပေမယ့် တချို့ကတော့မရိုးဖြောင့်သောနည်းလမ်းဖြင့် ကြီးပွားရန် အကြံထုတ်နေကြသည်။

မရိုးဖြောင့်သောသူတွင် ရှက်ခြင်း၊ ကြောက်ခြင်း ရှိမည်မဟုတ်။ သူတော်ကောင်းတရား ခုနစ်ပါးတွင် ပါဝင်သည့် ဟိရိဩတ္တပ္ပဟူသော မကောင်းမှုကို ပြုရန်ရှက်ခြင်း၊ ကြောက်ခြင်း တရားနှစ်ပါးသည် ရိုးသားဖြောင့်မတ်သူများတွင်သာရှိသော အမြတ်ဆုံး ဥစ္စာသာ ဖြစ်ပါသည်။ သူတစ်ပါးက မကောင်းမှုကို ပြုလုပ်ရန် မိမိကိုသွေးဆောင်ပါသော်လည်း ရိုးသားဖြောင့်မတ်သူသည် မပြုလုပ်နိုင်ကြောင်း ရဲဝံ့စွာ ပြောပေလိမ့်မည်။ မမှန်ကန်သော လုပ်ရပ်ဖြစ်ကြောင်းကိုလည်း ကျိုးကြောင်းခိုင်လုံစွာ ရှင်းပြပေလိမ့်မည်။ ရိုးသားဖြောင့်မတ်သူသည် ကိုယ့်ကိုယ်ကိုယ် မလိမ်ညာနိုင်သမျှ သူတစ်ပါးကိုလည်း လှည့်စားမည် မဟုတ်ပေ။

အချုပ်ဆိုရသော် လူတစ်ယောက်မည်မျှ ချမ်းသာသည်ဖြစ်စေ၊ ရာထူးဂုဏ်တွေ အထပ်ထပ်ရှိပါစေ ရိုးသားဖြောင့်မတ်မှုမရှိလျှင် လူအများက ထိုသူ၏ ရှေ့တွင်သာ ဟန်ဆောင်၍ ချီးမွမ်းစကားတွေပြောပြီး သူ၏တန်ဖိုးရှိပုံကို ရွတ်ပြနေပါလိမ့်မည်။ သို့သော် ထိုသူ၏ ကွယ်ရာမှာတော့ သူ့တန်ဖိုးသည် အလိုလို ကျဆင်းသွားမည်ဖြစ်သည်။ ရိုးသားဖြောင့်မတ်သူ၏ တန်ဖိုးကတော့ မျက်မှောက် မျက်ကွယ်မရွေး သတင်းမွှေးနေပါမည်။ တန်ဖိုးများစွာ ထိုက်တန်နေပေမည်။ ထို့ကြောင့် ရိုးသားဖြောင့်မှန်ခြင်းဖြင့် ဘဝကို တည်ဆောက်ပြီး တန်ဖိုးရှိသောလူတစ်ယောက်အဖြစ် ရပ်တည်နေထိုင်ကြပါစို့ဟု တိုက်တွန်းရင်း ...။ ။

> “ မရိုးဖြောင့်သောသူတွင် ရှက်ခြင်း၊ ကြောက်ခြင်း ရှိမည်မဟုတ်။ သူတော်ကောင်းတရား ခုနစ်ပါးတွင်ပါဝင်သည့် ဟိရိဩတ္တပ္ပဟူသော မကောင်းမှုကိုပြုရန် ရှက်ခြင်း၊ ကြောက်ခြင်း တရားနှစ်ပါးသည် ရိုးသားဖြောင့်မတ်သူများတွင်သာရှိသော အမြတ်ဆုံးဥစ္စာသာ ဖြစ်ပါသည်။ သူတစ်ပါးက မကောင်းမှုကိုပြုလုပ်ရန် မိမိကိုသွေးဆောင်ပါသော်လည်း ရိုးသားဖြောင့်မတ်သူသည် မပြုလုပ်နိုင်ကြောင်း ရဲဝံ့စွာပြောပေလိမ့်မည်။ မမှန်ကန်သောလုပ်ရပ်ဖြစ်ကြောင်းကိုလည်း ကျိုးကြောင်းခိုင်လုံစွာ ရှင်းပြပေလိမ့်မည်။ ရိုးသားဖြောင့်မတ်သူသည် ကိုယ့်ကိုယ်ကိုယ် မလိမ်ညာနိုင်သမျှ သူတစ်ပါးကိုလည်း လှည့်စားမည်မဟုတ်ပေ။ ”

## တန်ဖိုးရှိသော ရတနာ

❖ အမှားမှန် ဆုံးဖြတ်တတ်
ညွှန်ပြအပ် ထိုအရာ။
တန်ဖိုးဝင် ရတနာအစစ်က
ထုဆစ်ပညာ။
အမှောင်ခွင်း အလင်းပါ
ကိုယ်ချမ်းသာ စိတ်ချမ်းမြေ့။
ဘဝ,ဝယ် ရလဒ်ကောင်းကို
ထိန်းကျောင်းလို့တွေ့။

❖ ပညာကို သင်ကြားပေး
လူငယ်လေးတို့ မှတ်ယူလေ။
ကြီးသောအခါ နောင်တမရ
လှပပါစေ။
ပျင်းရိသော အချိန်တွေ
ရှောင်ကြမသွေ လူငယ်များ။
သုတ ရသစာ
ဖတ်ကြပါ လိုက်နာပြုကွယ်
တွေးရှုစေသား။

❖ ပညာကို သင်ယူမှ
ကိုယ့်ဘဝ သာယာမည်။
လောကအလယ် တင့်တယ်မြဲ
အောင်ပွဲလှမ်းချီ။
ပညာရှိ အတွေးသည်
လမ်းကောင်းဆီ တည့်မတ်။
အမှား မရောက်စေ
ပညာတွေ လက်ဆင့်ကမ်းကွယ်
အေးချမ်းစိတ်ဓာတ်။ ။

ဖြိုးထက်(ရေစကြို)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၀ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၄) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၂၂,၉၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၈၂၅) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၉၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၉,၉၅၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၉၀) ဦးရှိပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် (၈-၁-၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၅၅၂,၁၉၁) ဦးနှင့် သေဆုံးသူ (၁၁၅) ဦးရှိပြီး ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ ဒေသပေါင်း (၁၅၀) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၄၁) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၀) ခု | (၂) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၅) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂) ခု | (၁) ဦး |
| စစ်ကိုင်းမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၃၉) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၅) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၉၄၄) ခု | (၈၇) ဦး |
| **စုစုပေါင်း** | (၁၀,၃၁၁) ခု | (၁၂၄) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၀၄၆၄၄၂၆ | ၄၂၁၇၂၂၅၁ | ၈၅၈၃၄၆ |
| ၂။ | အိန္ဒိယ | ၃၅၃၆၈၃၇၂ | ၃၄၄၁၂၇၄၀ | ၄၈၃၄၆၃ |
| ၃။ | ဘရာဇီး | ၂၂၄၅၀၂၂၂ | ၂၁၅၆၇၈၄၅ | ၆၁၉၈၇၈ |
| ၄။ | ပြင်သစ် | ၁၄၁၉၃၂၂၈ | ၁၀၆၆၈၆၄၈ | ၁၄၉၇၄၄ |
| ၅။ | ဗြိတိန် | ၁၁၅၁၁၄၅၂ | ၈၄၅၂၁၇၀ | ၁၂၅၂၀၆ |
| ၆။ | ရုရှား | ၁၀၆၃၄၆၀၃ | ၉၆၆၆၁၆၁ | ၃၁၅၄၀၀ |
| ၇။ | တူရကီ | ၉၈၅၀၄၈၈ | ၉၂၄၆၈၆၆ | ၈၃၃၈၈ |
| ၈။ | ဂျာမနီ | ၇၄၅၈၃၉၆ | ၆၆၉၂၇၀၀ | ၁၁၄၄၉၁ |
| ၉။ | စပိန် | ၇၁၆၄၉၀၆ | ၅၁၄၅၈၈၀ | ၈၉၉၃၄ |
| ၁၀။ | အီတလီ | ၇၀၈၃၇၆၂ | ၅၂၇၀၉၉၄ | ၁၃၈၆၉၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၅၆၆၆ | ၄၁၁၅၇၄၇ | ၁၄၄၁၂၇ |
| ၂။ | ဖိလစ်ပိုင် | ၂၉၃၆၈၇၅ | ၂၇၈၂၇၂၃ | ၅၂၁၃၅ |
| ၃။ | မလေးရှား | ၂၇၈၀၀၈၀ | ၂၇၀၈၇၃၉ | ၃၁၆၄၄ |
| ၄။ | ထိုင်း | ၂၂၆၁၀၃၉ | ၂၁၉၁၂၆၂ | ၂၁၈၀၃ |
| ၅။ | ဗီယက်နမ် | ၁၈၇၆၃၉၄ | ၁၄၈၈၀၃၈ | ၃၄၁၁၇ |
| ၆။ | မြန်မာ | ၅၃၁၈၂၅ | ၅၀၉၉၅၀ | ၁၉၂၉၀ |
| ၇။ | စင်ကာပူ | ၂၈၃၉၉၁ | ၂၇၇၇၅၉ | ၈၃၇ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၅၉၁ | ၁၁၇၀၀၃ | ၃၀၁၅ |
| ၉။ | လာအို | ၁၁၇၉၅၆ | ၁၁၀၄၃၆ | ၄၃၀ |
| ၁၀။ | ဘရူနိုင်း | ၁၅၅၉၇ | ၁၅၃၅၀ | ၉၈ |

## ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း ယာယီဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ညောင်ရွှေ ဇန်နဝါရီ ၈**

ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်အသုံးပြုရေး လူထုအသိပညာပေး လှုပ်ရှားဆောင်ရွက်မှုကို ယနေ့နံနက် ၈ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့ စည်ပင်သာယာရေးဌာနကြီးကြပ်မှုအောက်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း ဖွင့်လှစ်ထားသည့် ယာယီဈေး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါ လူထုအသိပညာပေးလှုပ်ရှားမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်းအိုမီခရွန်နှင့် ဒယ်တာဗိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှု သတိပြုကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ပါးစပ်နှင့်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု တားဆီးကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို မြန်မာဘာသာ၊ ပအိုဝ်းဘာသာ၊ ရှမ်းဘာသာများဖြင့် အသိပညာပေးနှိုးဆော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**





## ကသာမြို့နယ်၌ လယ်သီးထပ်ဆောင်းမြေပဲ စံပြစိုက်ပျိုးခြင်းနှင့် ကွင်းသရုပ်ပြပွဲပြုလုပ်

ကသာ ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် စပါးအထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စွမ်းအားမြင့်မားရေးအတွက် ယနေ့နံနက်ပိုင်းက ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စု ပင်းမလွတ်ကျေးရွာတွင် လယ်သီးထပ်ဆောင်းမြေပဲ စံပြစိုက်ပျိုးခြင်းနှင့် ကွင်းသရုပ်ပြပွဲပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကိုလေး၊ ကျေးရွာသစ်လွင်ရှားမှုစီမံကိန်းကော်မတီအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်တောင်သူများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇန်နဝါရီ ၈

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၁၆၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၂၅၀၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၅၈၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၄၃၆ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ



ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နှင့် မန်တုံမြို့တို့၌ ကျောင်းသား ကျောင်းသူ ၂၁၂ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၈၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး




### သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ အသက် ၁၈ နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ ကျန်းမာရေးအသိဖြင့် လာရောက်ထိုးနှံနေကြသဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက်ရှိ ဆင်ဖြူတော်ဘုရားဓမ္မာရုံတွင် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို သတ်မှတ်စုရပ်များတွင် ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆေးထိုးနှံရန်ကျန်ရှိနေသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်အထိ လာရောက်ထိုးနှံသူ ၄၃၃၁၇ ဦးအား ဆေးထိုးနှံပြီးစီးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ဇော်ထက် (သရက်)**

### မာန်အောင်

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် အသက် ၁၈ နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပဋ္ဌမအသုတ် (ဒုတိယ) အကြိမ် ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံ ဆေးထိုးစုရပ်တွင် ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ထိုးနှံပေးလျက်ရှိသည်။

ပုံမှန်ကျန်းမာရေးအခြေအနေရှိသူများကိုသာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီး မိနစ် ၃၀ ခန့် စောင့်ကြည့်ကာ ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးနှံရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းဖေ (ပြန်/ဆက်)**

### ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် အသက် ၄၀ နှင့်အထက် ပြည်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဒုတိယအကြိမ် ကာကွယ်ဆေးမထိုးနှံရသေးသည့် ပြည်သူ ၆၇၈ ဦးတို့အား ဆ/က ရပ်ကွက် ကျိုက္ကဆံဘုရားဝင်းအတွင်းရှိ ဓမ္မဗိမာန်တော်၌ ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဒုတိယအကြိမ် ထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်အုပ်စုများအလိုက် နေ့စဉ်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **စန္ဒာမိုး(ပြန်/ဆက်)**

### နမ္မတူ

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီအနေဖြင့် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ပန်ဟိုက်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၅၅၀ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသည်။

နမ္မတူမြို့နယ်တွင် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယမန်နေ့ညနေပိုင်းအထိ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၆၅၄၉ ဦး၊ ကျောင်းသား ကျောင်းသူ ၉၀၂ ဦး၊ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၆၅၀၆ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ဦး စုစုပေါင်းကာကွယ်ဆေးထိုးနှံပြီးသည့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၁၄၁၅၇ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**

### တုံတာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီက တုံတာမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဆက်လက်ထိုးနှံပေးသည်။

ထိုသို့ထိုးနှံပေးရာတွင် သက်ဆိုင်ရာ အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကာကွယ်ဆေးမထိုးနှံမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းနှင့် သွေးတွင်းအောက်ဆီဂျင်ပါဝင်မှု တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်းနှင့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၀ တို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လှိုင်လှိုင်ငြိမ်း(ပြန်/ဆက်)**

### ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဦးဆောင်မှုဖြင့် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက စတုတ္ထအသုတ် ဒုတိယအကြိမ်တွင် ကာကွယ်ဆေးထိုးပြီးသူပေါင်း ၂၀၆၄၇ ဦးရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံရာတွင် ပြည်သူများအဆင်ပြေစေရေးအတွက် စမာ၊ မင်းစု၊ သံရွာ၊ ဖျောက်ဆိပ်ပင်၊ ဒွေးလှ၊ ရဲရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတို့နှင့် မြို့တော်ခန်းမတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစုရပ်များအဖြစ် နေရာခွဲပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



# ပွင့်ဖြူမြို့နယ်၌ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရန် ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ



ပွင့်ဖြူ ဇန်နဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် တစ်ကြိမ်မျှ ကာကွယ်ဆေးမထိုးနှံရသေးသည့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းက ဆေးထိုးစုရပ် လေးနေရာတွင် ကျန်းမာရေး ဝန်ထမ်းများက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆက်လက်ထိုးနှံ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရေးအတွက် ဆေးထိုးစုရပ် လေးနေရာခွဲ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၊ လယ်ကိုင်းကျေးရွာနိဗ္ဗာန်(တ)ကျောင်းတို့တွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထိုးနှံ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ကာကွယ်ဆေးလာရောက်ထိုးနှံကြသူများ အဆင်ပြေစွာထိုးနှံနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များက လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးကြကြောင်း သိရပြီး ယနေ့မွန်းလွဲပိုင်းတွင် ဆေးထိုးစုရပ် လေးနေရာ၌ ပထမအကြိမ် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၇၄၈ ဦး၊ ဒုတိယအကြိမ် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၃၂၅ ဦးရှိကြောင်း သိရသည်။

ခင်ဝါဝါလှိုင်(ပြန်/ဆက်)

■




# ကသာမြို့၌ စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကသာ ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာမြို့စာရေးဆရာအသင်းနာယက ဦးချစ်မြိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကသာမြို့စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘမောင် (ကိုဘ-ကသာ)နှင့် အတွင်းရေးမှူး ဦးခင်မောင်လေး (မောင်လေး-ကသာ)တို့က အသင်း၏ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးမှူးဦးခင်မောင်ဦး(ဦးရဲ-ကသာ)က အသင်း၏ ဘဏ္ဍာရေးနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

နန်းထွန်းမေ

# အင်းစိန်မြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သန့်ရှင်းသာယာလှပစေရေးနှင့် မိုးရာသီတွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန်၊ ရေစီးရေလာကောင်းမွန်စေရန်နှင့် ချောင်း၊ ရေမြောင်းများ ပိတ်ဆို့မှုကြောင့် ခြင်များပေါက်ပွားမှုမရှိစေရန်၊ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ ကသွယ်ချောင်း ရေမြောင်းကြီးကို ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဇန်နဝါရီ ၆ ရက် ညနေပိုင်းတွင် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာပတ်ဝန်းကျင်သန့်ရှင်းရေးဌာနတို့မှ ဝန်ထမ်း ၁၀ ဦး၊ ရေစီးရေလာမှ ၁၀ ဦး၊ စည်ပင်ပန်းဥယျာဉ်ဝန်ထမ်း ငါးဦးနှင့် မြို့နယ်စည်ပင်သာယာဝန်ထမ်း ငါးဦး စုစုပေါင်း ဝန်ထမ်း ၃၀ တို့ဖြင့် အဆိုပါ ချောင်းရေမြောင်းအတွင်း၌ အမှိုက်များ ရှင်းလင်းဆယ်ယူ သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ချောင်းရေမြောင်း ဘေးဝဲယာရှိ အမှိုက်ချုံနွယ်များနှင့် မြေပုံများကို သန့်ရှင်း ရှင်းလင်းဆယ်ယူခြင်းများ ပြုလုပ်ကြပြီး ထွက်ရှိလာသည့် ချုံနွယ်၊ အမှိုက်၊ ရေချဉ်းများကို ထိန်ပင်အမှိုက်ကုန်းသို့ စည်ပင်အမှိုက်သိမ်းကားဖြင့် စနစ်တကျ သန့်ရှင်းပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အင်းစိန်မြို့နယ်၌ မိုးရာသီကာလတွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန် အဓိက ချောင်းမြောင်းများဖြစ်သော ဖော့ကန် ရပ်ကွက်ရှိ ရွာမချောင်း၊ ရွာမအရှေ့ရပ်ကွက်ရှိ ပေါက်တောချောင်း တို့ကိုလည်း ရေစီးရေလာ ကောင်းမွန်အောင် သန့်ရှင်းရှင်းလင်း ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ပြီး ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ညဏ်ဟိန်း

# မိုင်းယုမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ ပေးဝေ



မိုင်းယု ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် ပြည်သူများအနေဖြင့် အပြင်ထွက်သွားလာပါက မဖြစ်မနေ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာမှုရှိစေရန် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြင့် ယနေ့နံနက်ပိုင်းက မြို့လမ်းဆုံနေရာ၌ နှာခေါင်းစည်းများ ပေးဝေခဲ့ကြောင်း သိရသည်။

မိုင်းယုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ပြည့်ဖြိုး၏ ကြီးကြပ်မှုဖြင့် ထွေ/အုပ်၊ ကျန်းမာရေး၊ ပညာရေး၊ ရဲတပ်ဖွဲ့၊ ပြန်/ဆက်၊ စိုက်ပျိုးရေး၊ မီးသတ်နှင့် မော်တော်ယာဉ်ဂိတ်မှူးတို့ ပါဝင်၍ အပတ်စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်းမတပ်ထားသူများအား နှာခေါင်းစည်းတစ်ခုစီ ပေးဝေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကင်မီဆိုးကို သတိရကြောင်း ဖော်ပြခဲ့ကြတဲ့ ဂျန်ဟယ်အင်နဲ့ ဂျီဆူး

လတ်တလော ကွယ်လွန်သွားခဲ့တဲ့ တောင်ကိုရီးယားမင်းသမီး ကင်မီဆိုးကို သတိရကြောင်း သူနဲ့အတူ Snowdrop ဇာတ်လမ်းတွဲ ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ မင်းသား ဂျန်ဟယ်အင်နဲ့ မင်းသမီး ဂျီဆူးတို့က လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇန်နဝါရီ ၇ ရက်မှာ ဂျီဆူးနဲ့ ဂျန်ဟယ်အင်တို့ဟာ သူတို့ရဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်မှာ ကင်မီဆိုးနဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ကြပါတယ်။ ယင်းနေ့မှာ ကင်မီဆူးရဲ့ အသုဘ အခမ်းအနား ပြုလုပ်ခဲ့တာလည်း ဖြစ်ပါတယ်။

## အနုပညာ

# အမြွှာသမီးလေးတွေ မွေးဖွားခဲ့တဲ့ ဆန်းယူရီ



တောင်ကိုရီးယားမင်းသမီး ဆန်းယူရီဟာ လတ်တလောမှာ ရင်သွေးလေးတွေ မွေးဖွားခဲ့ပြီး အမြွှာလေးတွေဖြစ်ကာ မိန်းကလေးတွေဖြစ်ကြကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသမီးရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဆန်းယူရီအနေနဲ့ ရင်သွေးလေးတွေကို ဇန်နဝါရီ ၇ ရက်က မွေးဖွားခဲ့ကြောင်း ဇန်နဝါရီ ၈ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးလည်းဖြစ်တဲ့ ဆန်းယူရီဟာ Fin.K.L တေးဂီတအဖွဲ့ဝင်တွေအနက် ပထမဆုံး မိခင်ဖြစ်လာသူတစ်ဦးလည်း ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ဆန်းယူရီရဲ့ ရင်သွေးလေးတွေကို ဆိုးလ်မှာရှိတဲ့ ဆေးရုံတစ်ရုံမှာ အောင်မြင်စွာ မွေးဖွားခဲ့တာဖြစ်ပြီး လက်ရှိမှာ မိခင်ရော ကလေးတွေပါ ကျန်းမာကြောင်းလည်း သိရပါတယ်။ ဆန်းယူရီဟာ သူနဲ့ချစ်သူတွေအဖြစ် အချိန်အတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူဂေါက်သီးကစားသမားတစ်ဦးဖြစ်တဲ့ အန်ဆန်ဟွန်းနဲ့ ၂၀၁၇ ခုနှစ် မေလအတွင်း လက်ထပ်ခဲ့တာဖြစ်ပြီး လတ်တလော မွေးဖွားခဲ့တဲ့ အမြွှာလေးတွေဟာ သူတို့မောင်နှံအတွက် ပထမဆုံး ရင်သွေးလေးတွေလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

## မဟာဆေးဝက်ဘာဆရာတော် သက်တော်(၈၄)နှစ်ပြည့် ဝိဇ္ဇာတမွေးနေ့မင်္ဂလာအလှူတော်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မဟာဆေးဝက်ဘာ အာလိန်ငါးဆင့်ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တအဂ္ဂဓမ္မ၏ သက်တော်(၈၄)နှစ်ပြည့် ဝိဇ္ဇာတမွေးနေ့မင်္ဂလာအလှူတော်ကို ၁၃၈၃ ခုနှစ် ပြာသိုလဆန်း (၁၀)ရက်၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျောင်းတိုက်ကြီးအတွင်း၌ ကျင်းပပါမည်။ ဝိဇ္ဇာတမွေးနေ့ အလှူတော်တွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်ပြီး၊ ပရိသတ်များအား ကျွေးမွေးပြီးပါက (၁၈၂၄)ကြိမ်မြောက် သိမ်ဆင်းမည်ဖြစ်ရာ သိမ်ဆင်းများလောင်းလှူနိုင်ပါသည်။**[ဖုန်း-၀၉-၂၅၀၆၅၅၈၅၅]**


## မိတ္တာမေတ္တာ

ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ရောင်းပေးဝယ်ပေးလိုသည်။

Ph: 09 40 70 80 736
09 45 57 54 066


## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ ခုနှစ်၊ ဘုရားပွဲတော်ကာလအတွင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရွှေဆိုင်းအရောင်းဌာနအတွက် ဂေါပကအဖွဲ့မှ (၁ ၁/၂"x၁ ၁/၂")ပတ်လည် ရွှေဆိုင်းရာဆိုင်း(၃၀၀၀၀)ကို တင်ဒါစနစ်ဖြင့် ပထမအကြိမ် ဝယ်ယူမည်ဖြစ်ပါသည်။ ရွှေဆိုင်း တင်ဒါပေးသွင်းလိုသူများသည် ရွှေဆိုင်းပေးသွင်းခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲလျက် ၈-၂-၂၀၂၂ ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်းသို့ လျှောက်ထားနိုင်ပါသည်-

(က) စက်မှုလက်မှုလုပ်ငန်းလိုင်စင်ရှိရမည်-
(ခ) လုပ်ငန်းမှတ်ပုံတင်ရှိရမည်။
(ဂ) အခွန်စည်းကြပ်မှု အထောက်အထားတင်ပြရာတွင် အိမ်ထောင်ဦးစီး(သို့) ဇနီးတို့၏အမည်ပေါက်သာဖြစ်ရမည်။
(ဃ) ရွှေဆိုင်းလုပ်ငန်းအတွက် ဝင်ငွေခွန်ဆောင်ပြီးကြောင်း ပြေစာကို ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် ဆောင်ပြီးကြောင်း ပြေစာမူရင်း/မိတ္တူ (သို့မဟုတ်) **"အခွန်ကင်းရှင်းကြောင်းထောက်ခံချက်"** မူရင်းနှင့် မိတ္တူ တင်ပြရမည်။
(င) (၁ ၁/၂"x၁ ၁/၂") ပတ်လည်ရွှေဆိုင်းရာဆိုင်း(၁)ဆိုင်း နမူနာတင်ပြရမည်။
(စ) အိမ်ထောင်စုစာရင်းမူရင်း တင်ပြရမည်။

၂။ လျှောက်လွှာတင်သွင်းထားသည့် လုပ်ငန်းရှင်များသည် ၁၀-၂-၂၀၂၂ ရက်၊ နံနက်(၁၀)နာရီတွင် ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်းသို့ လာရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၇ နှင့် ဆက်နွှယ်သည့်**
**၂၀၂၁ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၃၈**

GREEN CIRELE CO.LTD နှင့် ဦးလှမျိုးဦး
(၎င်း၏ကိုယ်စားမန်နေဂျာဒေါ်ဇင်မာလှိုင်ဦး)
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ သပြုစမ်းကျေးရွာ၊ ၄က်အောင်စမ်းအပိုင်၊ အမှတ်(၄၉)နေ တရားရှုံး ဦးလှမျိုးဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် GREEN CIRELE CO.LTD (၎င်း၏ကိုယ်စားမန်နေဂျာ ဒေါ်ဇင်မာလှိုင်ဦး)က လျှောက်ထားသည် ဖြစ်၍ မည့်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက် (၁၃၈၃ ခုနှစ်၊ ပြာသိုလကွယ်နေ့ ) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကြေညာချက်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ်(ဖောင်ကြီး)၏ (၃-၂-၂၀၂၂)ရက်တွင် ဖွင့်လှစ်ရန် ကြေညာထားသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ပထမနှစ်သင်တန်း(ဒုတိယနှစ်ဝက်)ဖွင့်လှစ်မည့် ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

**သမဝါယမဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြေညာချက်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၃-၂-၂၀၂၂ ရက်တွင် ဖွင့်လှစ်ရန် ကြေညာထားသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ်သင်တန်း(ဒုတိယနှစ်ဝက်)ဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၄၀၊ မြေကွက်အမှတ်-၈၈၅/က၊ ဧရိယာ ပေ(၂၀x၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မာလှိုင် မှတ်ပုံတင်အမှတ်[၁၄/ဝခမ(နိုင်)၁၅၁၅၁၉]ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိနိုင် မှတ်ပုံတင်အမှတ်[၁၄/မမက(နိုင်)၁၇၀၅၇၆]ကိုင်ဆောင်သူမှ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေ၊ အိမ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား စာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းဝင်းခိုင် (LLB, C.B.L)** | **ဒေါ်ဇင်သူမျိုး (LLB)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၂၀၆)** | **အထက်တန်းရှေ့နေ (စဥ်-၃၄၅၀၃)** |

**အမှတ်-၂၄၊ ပထမထပ်၊ အရှေ့ဗဟိုလမ်း၊ ဆရာစံမြောက်/ရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph;09400400993**



## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

**○ ဗီဖာရဲ့ တစ်နှစ်တာမှ**

နိုင်ငံတကာဆုဖလားမရရှိခဲ့တဲ့ မှတ်တမ်းဆိုးကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို စွမ်းဆောင်နိုင်ခဲ့တာကြောင့် အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီဟာ ပြီးခဲ့တဲ့လအတွင်းက ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘာလွန်းဒီအောဆုကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာကတော့ ယခုပရီမီယာလိဂ်ပြိုင်ပွဲမှာ သွင်းဂိုးစုစုပေါင်း ၁၆ ဂိုးနဲ့ ပရီမီယာလိဂ်ရဲ့ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ဗီဖာရဲ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဒီကစားသမားသုံးဦးထဲက ဘယ်သူရရှိမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဗီဖာရဲ့ တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမား ဆန်ခါတင်စာရင်းမှာတော့ ဆမ်ကာ၊ ဂျန်နီဖာဟာမိုဆိုနဲ့ အလက်ဇီးယားပူတယ်လက်စ်တို့ ပါဝင်နေပြီး ဩစတြေးလျတိုက်စစ်မှူး ဆမ်ကာဟာ ၂၀၂၁ ခုနှစ်အတွင်းက ချယ်လ်ဆီးအမျိုးသမီးအသင်းနဲ့အတူ အမျိုးသမီးစူပါလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဟာမိုဆိုနဲ့ ပူတယ်လက်စ်တို့ကတော့ ဘာစီလိုနာအသင်းနဲ့အတူ အမျိုးသမီးချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဗီဖာရဲ့ တစ်နှစ်တာအကောင်းဆုံးဆုတွေကို နိုင်ငံလက်ရွေးစင်အသင်းတွေမှ နည်းပြတွေ၊ အသင်းခေါင်းဆောင်တွေ၊ သတင်းစာပညာရှင်တွေနဲ့ ပရိသတ်တွေက မဲပေးရွေးချယ်ခဲ့တာဖြစ်ပြီး ဆုပေးပွဲကို ဇန်နဝါရီ ၁၇ ရက်မှာ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**ငွေကြယ်**

**✻ ရန်ကုန်မြို့မှ**

"ဆူးလေဘုရားလမ်းနဲ့ ကမ်းနားလမ်းတစ်လျှောက်မှာ ရေကြီးရေလျှံတာတွေဖြစ်မှာစိုးလို့ ရေမလျှံရေးအတွက်ကို ဆူးလေဘုရားလမ်းတစ်လျှောက် ကီလိုဝပ် ၉၀ ရှိတဲ့ ရေစုပ်ပန့် တပ်ဆင်ပြီးသလို အမှတ် (၁၀) ရေတံခါး၊ ဆူးလေမြစ်ထွက်ပေါက်မှာလည်း တစ်နာရီကို ရေဂါလန် သုံးသိန်းစုပ်ထုတ်နိုင်တဲ့ မြင်းကောင်ရေ ၁၂၅ ကောင်အားရှိတဲ့ ပန့်တပ်ဆင်နေတာဟာ ခုဆိုရင် ရေစုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများပါ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်။ မိုးရေစုကန် တည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ မိုးရာသီကာလ နှစ်စဉ်ပြည်သူတွေ ကြုံတွေ့နေကြရတဲ့ ရေကြီးရေလျှံဖြစ်ပေါ်မှု မရှိတော့မှာ ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) ဦးစီးအရာရှိ ဒေါ်မိုးမိုးအေးက စီမံကိန်းလုပ်ငန်းခွင်၌ ရှင်းပြသည်။

**ရန်ကုန်မြစ်အတွင်းစီးဆင်း**

အဆိုပါ ရေဂါလန်တစ်သိန်းဆံ့ဝင်မည့် ရေစုကန်မှာ အလျားပေ ၇၀၊ အနံ ၃၃ ပေ နှင့် အနက် ခုနစ်ပေရှိပြီး မိုးရာသီကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းချိန်နှင့် မြစ်ရေတက်ချိန် တိုက်ဆိုင်ပါက ရန်ကုန်မြို့လယ်တွင် ယာယီရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိခြင်းကြောင့် မိုးရေများအား ယာယီသိုလှောင်နိုင်ရန်အတွက် တည်ဆောက်နေခြင်းလည်းဖြစ်ရာ လမ်းပေါ်မှရေများအား ရေစုကန်အတွင်းအကျယ်သုံးပေပတ်လည်ရှိသော သံပန်း Manhole ရှစ်ပေါက်ဖြင့် ရေစီးဝင်စေ၍ ယာယီရေစုသိုလှောင်ပြီး မဟာဗန္ဓုလလမ်းရှိ ယခင်မြေအောက်ရေမြောင်းမှတစ်ဆင့် မဟာဗန္ဓုလပန်းခြံအတွင်း၌ရှိသော အနက်ငါးပေရှိသည့် ရေမြောင်းသို့ စီးဆင်းစေမည်ဖြစ်ကာ အမှတ် (၁၀) ရေတံခါး ဆူးလေဘုရားလမ်း မြစ်ထွက်ပေါက်မှတစ်ဆင့် ရန်ကုန်မြစ်အတွင်း ရေများစီးဆင်းနိုင်ရန် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**




**✪ အာရှဖလားပြိုင်ပွဲမှ**

၂၀၂၁ ခုနှစ် နိုဝင်ဘာဒုတိယပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများကစားရန် ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် သွားရောက်နိုင်ခြင်းမရှိဘဲ လေ့ကျင့်မှုပြုလုပ်ပြီး ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလလယ်က ယှဉ်ပြိုင်ကစားသည့် အာရှဖလားခြေစစ်ပွဲမတိုင်မီကလည်း နိုင်ငံတကာခြေစမ်းပွဲများ ကစားရခြင်းမရှိဘဲ ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဇန်နဝါရီတတိယပတ်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲနောက်ဆုံးအဆင့်ကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ဂ)တွင် လက်ရှိချန်ပီယံ ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။

**ကိုညီလေး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## ရန်ကုန်မြို့၌ ရေဂါလန် တစ်သိန်းဆံ့ ရေစုကန် တည်ဆောက်မှု အချောသပ်လုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈

မိုးရာသီကာလ ရန်ကုန်မြို့တွင်းရှိ ပြည်သူများ နှစ်စဉ်ကြုံတွေ့နေကြရသော ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ ရန်ကုန်မြို့တော်ခန်းမအတွင်း၌ ပထမဦးဆုံး ရေဂါလန် တစ်သိန်းဆံ့ ရေစုကန်(RC Ground Tank) တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေစုကန်တည်ဆောက်မှုလုပ်ငန်း ၈၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အချောသပ်လုပ်ငန်းများဆက်လက်ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ✻

## ဖီဖာရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားစာရင်းတွင် လီဝန်ဒိုစကီး၊ မက်ဆီနဲ့ ဆာလာတို့ ဆန်ကာတင် ရွေးချယ်ခံရ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီး၊ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီနဲ့ အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာတို့ဟာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပေးအပ်ချီးမြှင့်မယ့် တစ်နှစ်တာအကောင်းဆုံးကစားသမားစာရင်းမှာ ဆန်ကာတင်ရွေးချယ်ခံခဲ့ရတယ်လို့ သိရပါတယ်။

### ဂျာမန်ဘွန်ဒက်လီဂါသွင်းဂိုး ၄၁ ဂိုးအထိသွင်းယူ

တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက ဖီဖာရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီအတွင်းမှာ ဂျာမန်ဘွန်ဒက်လီဂါသွင်းဂိုး ၄၁ ဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် ၁၉၇၁-၇၂ ဘောလုံးရာသီအတွင်းက ဘွန်ဒက်လီဂါမှာ စံချိန်တင်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂတ်မူလာရဲ့ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အခုဖီဖာရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ကာတင်ရွေးချယ်ခံခဲ့ရတဲ့ တိုက်စစ်မှူး မက်ဆီကတော့ ၂၀၂၁ ခုနှစ်အတွင်းက အာဂျင်တီးနားအသင်းကို ကိုပါအမေရိကဖလားရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး အာဂျင်တီးနားအသင်းနဲ့အတူ

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ○



## အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း လူစာရင်းကို ရက်ပိုင်းအတွင်း ထုတ်ပြန်မည်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်မည့် အပြီးသတ်လူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ကစားသမားလေးဦးသာ လျှော့ချရမည်ဖြစ်သည်။ ယင်းပဏာမကစားသမားများတွင် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမှာ အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် သွားရောက်ကစားနေသဖြင့် ၂၆ ဦးဖြင့်သာ လေ့ကျင့်နေခြင်းဖြစ်ပြီး ၎င်းမှာ အိန္ဒိယနိုင်ငံသို့ ရောက်ရှိမှသာ အသင်းနှင့်ပူးပေါင်းမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားနောက်ဆုံးအဆင့်အတွက်

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❂

## ယနေ့ဖတ်စရာ


**အိန္ဒိယနိုင်ငံ၌ မေလနောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုစံချိန်တင်**

စာမျက်နှာ » ၁၃

**သာသနာ့အရေခြုံကာ သံဃာ့ဝိနည်းနှင့်အညီကျင့်ကြံနေထိုင်ခြင်းမရှိဘဲ သာသနာညှိုးနွမ်းစေရန် လုပ်ဆောင်ခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ပြည်တော်သာကျောင်းတိုက်မှ ဦးဇဝန(ခ)ဇာနည်ကိုကိုအား ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅



**အကြမ်းဖက်သမားများက မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာမူလတန်းကျောင်းတို့အား လက်လုပ်မိုင်းများ အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်**

စာမျက်နှာ » ၁၆